**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အကုသိုလ်ရှောင် ကုသိုလ်ဆောင် ဖြူအောင် စိတ်ကိုထား။ ဘုရားတိုင်းသာသဟောမိန့်မှာ သုံးဖြာဉာဏ်စကား။ ဘုရားတပည့်ထားသတိ ပွားဘိဉာဏ်တရား။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၈၉)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# သီပေါမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံအားပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၃

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကိုဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကဏ္ဍထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် **စာမျက်နှာ ၁၀ ကော်လံ ၁ ➤**



**သီပေါမြို့ရှိ ဒေသခံပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးစဉ်။**

**ပေါင်းတည်၌ အောင်နိုင်တိုးစပါး စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်**

စာ - ၁၄ သို့



**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ကျောင်းအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည်**

စာ - ၃ သို့

ဆောင်းပါး

**လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး**

စာ - ၈ သို့

**သတိပြုရှောင်ရှား အဂတိတရားလေးပါး**

စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်)

# ဒေသစီးပွားရေးတိုးတက်မြင့်မားစေရေး သက်ဆိုင်သူအားလုံးက ကြိုးပမ်းဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ရန်လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့်ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ကြရန်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသည့်စပါးများ၏ Eating Quality များ ကောင်းမွန်ရန်လိုပြီး အရေအတွက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်အနေဖြင့် မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀၊ နွေစပါးတစ်ဧကလျှင် တင်း ၁၁၀ ဖြစ်သည်။ စိုက်ပျိုးဧကများမှန်ကန်ရန်နှင့်အထွက်နှုန်းများ တိုးတက်မှုရှိရန်လိုအပ်သည်။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မြေကိုစနစ်တကျအသုံးချရမည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး လယ်စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ရေနက်ကွင်းများဖြစ်ပေရာ အဆိုပါရေနက်ကွင်းများအား မြေပြုပြင်သည့် လယ်စပါးစိုက်ပျိုးခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ရေနက်ကွင်းများကို စနစ်တကျအသုံးချဆောင်ရွက်မည်ဆိုပါက သား၊ ငါး ထုတ်လုပ်မှုကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ထိပ်ဆုံးတွင်ရှိနေမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းလေးမျိုးဖြင့် စနစ်တကျစိုက်ပျိုးကြရမည်ဖြစ်သည်။ ထို့ပြင် လယ်မြေများအား ဧကကွက်များအဖြစ် ဖော်ထုတ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”ဆိုသည့်အတိုင်း စပါးစိုက်ပျိုးမှုလုပ်ငန်းများအား ပိုမိုတိုးတက်သည်ထက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စပါးစိုက်ပျိုးရာတွင် ပင်ကြားတန်းကြားမှန်မှန်ကန်ကန်နှင့် ကောက်ကွက်ပြည့်မီအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်းရှိ လယ်မြေများအား မြေပြုပြင်၍စိုက်ပျိုးသွားကြရန်လိုသည်။ စိုက်ပျိုးရေးလုပ်ငန်းများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်အကျိုးရှိမည်ဖြစ်သလို နိုင်ငံတော်အတွက် ကုန်ထုတ်စွမ်းအားများတိုးတက်မြင့်မားလာမည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ဝါးများပေါများစွာထွက်ရှိသည့်အတွက် ဝါးများကိုအသုံးပြု၍ ပျော့ဖတ်များနှင့် စက္ကူများထုတ်လုပ်နိုင်သကဲ့သို့ လူသုံးကုန်ပစ္စည်းများလည်းထုတ်လုပ်နိုင်သည်။ ထို့ကြောင့် ဝါးအခြေခံသည့် ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၉ ရက်က ပုသိမ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ် **“ ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွှေးသည် အမှန်တကယ်ကောင်းမွန်သည့်အမျိုးအစားဖြစ်သဖြင့် ပေါ်ဆန်းမွှေးကို တိုင်းဒေသကြီး၏ Brand တစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများသုံးစွဲရလျက်ရှိကြောင်း၊ ဆီဖူလုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အချို့နေရာများ၌နေကြာစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ထို့ကြောင့် နေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ပဲပုပ်၊ နေကြာ၊ မြေပဲ၊ နှမ်း စသည့်ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်အစားအစာများထွက်ရှိကြောင်း၊ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို ပိုမိုတိုးချဲ့မွေးမြူဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

မွေးမြူရေးကိုအောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းစားနပ်ရိက္ခာကိုဖြည့်ဆည်းနိုင်မည်ဖြစ်သည်။ ဝယ်လိုအားနှင့် ရောင်းလိုအားကောင်းမွန်လာမည်ဆိုပါက ထိုက်သင့်သည့်ဈေးနှုန်းဖြင့် ရရှိနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကုန်ထုတ်လုပ်ငန်းများတိုးတက်လာမည်ဆိုပါက ပြည်ပပို့ကုန်များတိုးတက်လာပြီး နိုင်ငံခြားငွေများပိုမိုတိုးတက်ရရှိလာမည်ဖြစ်သည်။ အဆိုပါနိုင်ငံခြားငွေများရရှိလာမည်ဆိုပါက နိုင်ငံ့စီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမွေးမြူရေးနှင့်အခြားသောလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးတွင် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ပညာတတ်များပေါ်ကြွယ်ဝနေရမည်ဖြစ်သည်။ မည်သည့်လုပ်ငန်းမဆို ပညာကဦးဆောင်လျက်ရှိပေရာ ပညာနှင့်ကင်းကွာသောလုပ်ငန်းဟူ၍မရှိသေးပေ။ ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး တန်းစဉ်ကူးပြောင်းမှုမြင့်မားအောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်ပညာတတ်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုအခြေခံပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပြီဖြစ်သည်။ အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်၍ သင်ကြားခြင်းနှင့်သင်ယူမှုများတိုးတက်စေရေးဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်စေရေးကို တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် ဒေသစီးပွားရေးတိုးတက်မြင့်မားစေရေးအတွက် သက်ဆိုင်သူအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။


**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန်**

**၆၅ ရက်**

**သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**


## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေး

ပွင့်ဖြူ အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က စံပြကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်ကြသူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်၊ အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေအား ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်နှင့် တာဝန်ရှိသူများက စံပြကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သန်း ၃၀ အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စံပြကျေးရွာရှိ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းရန်ပုံငွေဖြင့် ဆိတ်မွေးမြူရေးနှင့် သိုးမွေးမြူရေး ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အစုအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ၂၀ ဦးကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**


မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကင်းမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်စာရေးဆရာအသင်းတို့ပူးပေါင်း၍ ရန်ကင်းမြို့နယ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ အောက်တိုဘာလ ၂၂ ရက်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပသည်။

အခမ်းအနားကို လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့်သီဆိုဖွင့်လှစ်ပေးပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ပွင့်ဖြူခိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အသိပညာပေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးက လူငယ်နှင့်ပျော်ရွှင်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသီသီလတ်က ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးနှင့် စာရေးဆရာမ မအေးပွင့်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြပြီး လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာရိတ္တခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားတွင် ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ကာယစွမ်းရည်ပြိုင်ပွဲများကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဂိမ်းပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား အမှတ်တရလက်ဆောင်များပေးအပ်သည်။



အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်စာရေးဆရာအသင်းဝင်များနှင့် မြို့မိ၊မြို့ဖများ တက်ရောက်ကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသောနှမ်းနက်များ မန္တလေးပဲနှမ်းဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်နေ

မန္တလေး အောက်တိုဘာ ၂၃

မြန်မာနိုင်ငံအလယ်ပိုင်းဒေသတချို့၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော နှမ်းနက်များ ယခုအခါ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့ရှိ ပဲ၊ နှမ်းကုန်သည်များ၏ပြောပြချက်အရ သိရသည်။

မြန်မာနိုင်ငံမှနှမ်းနက်များကို တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ နှစ်စဉ်ဝယ်ယူမှုများရှိနေပြီး လက်ရှိတွင် ပြည်ပကုန်သည်ဝယ်လက်များက မြန်မာနိုင်ငံမှ ထွက်ရှိသောနှမ်းနက်များကို ရသလောက်ဝယ်ယူနေခြင်းကြောင့် ယခုရက်ပိုင်းတွင် နှမ်းနက်များ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိနေခြင်း ဖြစ်သည်။

"နှမ်းနက်ကို မြန်မာနိုင်ငံအလယ်ပိုင်းမှာ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံး စိုက်ပျိုးကြပါတယ်။ အခုထွက်ရှိလာတဲ့နှမ်းနက်တွေက မိုးနှမ်းတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှမ်းနက်စိုက်ပျိုးတဲ့အခါ ဓာတ်မြေဩဇာမသုံးဘူး။ ပိုးသတ်ဆေးအသုံးပြုမှု အလွန်နည်းပါးပြီး ဓာတုဓာတ်ကြွင်းကင်းစင်မှုတွေကြောင့် ပြည်ပက ဝယ်လိုအားမြင့်တက်နေတာဖြစ်ပါတယ်" ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

ယခုအခါ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်းသို့ ရောဝတီမြစ်ရိုးတစ်လျှောက်ရှိ တကောင်း၊ ကြာညှပ်၊ သပိတ်ကျင်း၊ ထီးချိုင့်၊ ကသာ စသည့်ဒေသများမှ နှမ်းနက်များ စတင်ဝင်ရောက်လာပြီး လက်ရှိတွင် ဈေးကောင်းရရှိနေသည်။

မြန်မာနိုင်ငံမှဝယ်ယူသောနှမ်းနက်များကို တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၌ အစားအစာများတွင် ထည့်သွင်းစားသုံးကြသကဲ့သို့ မုန့်ပဲသရေစာပြုလုပ်ရာတွင်လည်း အသုံးပြုကြကြောင်း၊ ထို့ပြင် မြန်မာ့နှမ်းနက်ကို တရုတ်နိုင်ငံ၌ ဆေးဝါးများဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုကြသည့်အတွက် ဈေးကွက်ကောင်းမွန်ကာ နှစ်စဉ်တင်ပို့နေရကြောင်း သိရသည်။

**ဆောင်းဦး**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ကျောင်းအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည်

ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှကြီးမှူး၍ ကျောင်းအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးဆောင်ပြီး အခြေခံပညာကျောင်းများမှသည် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်ရည်ရွယ်ချက်ဖြင့် ကျောင်းအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

"ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေဖို့ နည်းလမ်းအမျိုးမျိုးနဲ့ဆောင်ရွက်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ကျောင်းအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်နဲ့ တောင်ဥက္ကလာပမြို့နယ်တို့မှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ ရွေးချယ်ထားတဲ့ အခြေခံပညာကျောင်းအသီးသီးမှာ သက်ဆိုင်ရာမြို့နယ်ဆရာဝန်တွေ၊ ခရိုင်ဦးစီးမှူးတွေ၊ ဆေးရုံအုပ်ကြီးတွေကိုယ်တိုင်ကွင်းဆင်းဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနန္ဒဝင်းကပြောသည်။

အဆိုပါ ကျောင်းအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံပညာကျောင်းများ၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသားလူငယ်များမှတစ်ဆင့် ၎င်းတို့၏မိသားစုနှင့် ရပ်ရွာလူထုသို့ ကျန်းမာရေးအသိပညာများ ပြန်လည်မျှဝေနိုင်စေရန် ရည်မှန်းထားသည့်အပြင် လိုအပ်ပါက ရပ်ရွာလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဝန်ဆောင်မှုပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်တို့ခြောက်ဦးသည် ကားပေါ်မှ ဆင်းပြီး ခြေကျင်လျှောက်ကြရသည်တွင် အလွန်အေးလှသည်နှင့် တဖြည်းဖြည်း မလျှောက်ကြဘဲ လက်တွဲ၍ ပြေးကြ၏။ ညီနှင့်သားသည် ကျွန်ုပ်၏လက်များကို တစ်ဖက်စီတွဲ၍ပြေးကြရာ သခင်ကျော်စိန်နှင့် ကိုလှကျော်တို့၏အလယ်မှ အာလာက လက်တွဲ၍ပြေး၏။ နှစ်ဖာလုံခရီးမှာ မနီးလှသော်လည်း အေးလှသောဥတုကြောင့် မောဟိုက်သည်မထင်ရပေ။ ရွာကလေးသို့ရောက်၍ လီနင်ပုန်းအောင်းခဲ့သည့် တဲကလေးကိုမြင်ရသည့်အခါ ကျွန်ုပ်မှာ ဆေးတံသောက်ချင်လှသည်ဖြစ်၍ တဲကလေးထဲသို့ဝင်ပြီး အားရပါးရဖွာလိုက်မည်ကြံ၏။ သို့ရာတွင် ဆေးတံမသောက်ရဟုပြောပြ၏။ သို့ဆိုလျှင် အပြင်သို့ထွက်၍ သောက်မည်ကြံပါတော့လည်း ဝင်းထဲ၌ပင် ဆေးလိပ်မသောက်ရဟု ပြောပြပြန်သည်။ အကြောင်းမူကား ဆေးလိပ်၊ ဆေးတံသောက်ခြင်းသည် လီနင်ကို အရိုအသေပျက်ရာရောက်သည်ဟု ယူဆကြသောကြောင့်ပေတည်း။ ဘုရားထဲကျောင်းထဲ၌ ဆေးလိပ်သောက်တတ်ကြသည့် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်သည့် ကျွန်ုပ်အဖို့မှာ ကွယ်လွန်သူတစ်ယောက်အတွက် ဆေးလိပ်မသောက်ရဆိုသော ရိုသေနည်းကို မကျေမနပ်ဖြစ်မိ၏။ နှစ်ဖာလုံခန့်ပြေးလာခဲ့၍ ခပ်မောမောနှင့် ဝအောင်ရှူလိုက်မည်ဟု မှန်းရွယ်လာခဲ့သူဖြစ်သောကြောင့် သာ၍ မကျေမနပ်ဖြစ်မိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် လူတစ်မျိုး၏ ရိုသေပုံရိုသေနည်းနှင့်ပတ်သက်၍ ဝေဖန်ရန် စိတ်မရှိသော်လည်း အားရပါးရဖွာလိုက်မည်ဆိုသည့် ဆေးတစ်ဆုံလက်လွှတ်ရခြင်းအတွက်မူကား သတိမရဘဲမနေနိုင်အောင်ရှိခဲ့မိပါသည်။ လီနင်ပုန်းအောင်းဖူးသည့် တဲကလေးမှာ သစ်သားဖြင့် ဆောက်လုပ်ထားသည့် နှစ်ထပ်အဆောက်အအုံလေးဖြစ်၍ အပေါ်ထပ်တွင် လီနင်အလုပ်လုပ်သည်ဟု သိခဲ့ရ၏။ ကျွန်ုပ်မှာ နိုင်ငံရေးစိတ်ဓာတ်၊ စာပေစိတ်ဓာတ်ပြင်းထန်သူတစ်ယောက် ဖြစ်သည့်အလျောက် တော်စတွိုင်း၏နေအိမ်သို့ မရောက်ခဲ့ခြင်းအတွက် ဝမ်းနည်းခဲ့မိခြင်းသည် လီနင်၏ တဲကလေးသို့ ရောက်ခဲ့ခြင်းနှင့် မထေမိအောင် ရှိခဲ့ပါတော့သည်။

**မမေ့နိုင်တဲ့ ကြင်နာမှု**

အပြန်ခရီး၌ ကျွန်ုပ်တို့သည် ဖင်လန်ပင်လယ်ကွေ့ကမ်းခြေရှိလမ်းတစ်လျှောက် မောင်းလာကြရာ ကျွန်ုပ်၏လက်များမှာ သွေးခဲလုမတတ် အေးမြလျက်ရှိလေပြီ။ ကျွန်ုပ်၏လက်တွင် သားရေလက်အိတ်စွပ်ထားသော်လည်း အအေးဓာတ်သည် အတွင်းသို့ ထိုးဖောက်ဝင်သည့် လက္ခဏာနှင့် လက်ချောင်းများမှာ ရေခဲချောင်းလေးများသဖွယ် မာကျောလျက်ရှိလေပြီ။ ကျွန်ုပ်သည် အတော်အခံရခက်သည်နှင့် လက်အိတ်နှစ်ဖက်ကိုချွတ်ပြီး လက်ချင်းပွတ်ပေးရ၏။ ဤအပြုအမူကို လမ်းပြသူငယ်မ အာလာမြင်ရာတွင် ၎င်း၏ သိုးမွေးလက်အိတ်ကိုချွတ်၍ ကျွန်ုပ်၏ လက်များတွင်စွပ်ပေးပြီး လက်နှစ်ဖက်ဖြင့် ပွတ်ပေးလေသည်။ သို့နှင့်လည်း ကျွန်ုပ်၏ လက်ချောင်းများသည် တော်တော်နှင့် အငွေ့မရနိုင်ဘဲရှိနေရာတွင် အာလာသည် ကျွန်ုပ်၏လက်များကို လက်နှစ်ဖက်ဖြင့် ဆုပ်နယ်ကာပွတ်ပေးရင်း ပူနွေးသော သူ၏အာငွေ့ကို ကျွန်ုပ်၏လက်များပေါ်သို့ အကြိမ်ကြိမ် 'ဟားတိုက်' ပေးရှာသည်။ ဤသို့ဖြင့် မိုင်ပေါင်းအတော်ရောက်ခါမှ ကျွန်ုပ်၏လက်များနွေးလာ၍ လက်ချောင်းများလည်း အသက်ဝင်လာပါတော့သည်။ မိန်းကလေးတစ်ဦးတစ်ယောက်က ဤမျှလောက် ကြင်နာယုယစွာ ပြုစုစောင့်ရှောက်ခြင်းကို တစ်ကြိမ်တစ်ခါမျှမခံစားဖူးသည့် ကျွန်ုပ်မှာ အာလာ၏အပြုအမူကြောင့် ရင်ထဲ၌ ဆို့သွားမိပါသည်။ ဤမိန်းကလေးသည် ကျွန်ုပ်နှင့် ဆွေမတော်၊ မျိုးမတော်၊ လူမျိုးတူ၊ ဘာသာတူ တိုင်းပြည်သားချင်းမှုလည်း မဟုတ်ပါဘဲလျက် ကျွန်ုပ်အတွက် ဤမျှလောက် ကြင်နာစွာ ပြုစုစောင့်ရှောက်ခြင်းသည်ကား ဆိုဗီယက်ယူနီယံ၌ ကျွန်ုပ်တွေ့ခဲ့ရသမျှသော အခြင်းအရာများအနက် မမေ့နိုင်ဆုံးသော အပြုအမူတစ်ခုအနေဖြင့် ကျွန်ုပ်၏နှလုံးသားတွင် မှတ်တမ်းတင်ထားလိုက်ရပါတော့သည်။

**"ဤမိန်းကလေးသည် ကျွန်ုပ်နှင့် ဆွေမတော်၊ မျိုးမတော်၊ လူမျိုးတူ၊ ဘာသာတူ တိုင်းပြည်သားချင်းမှုလည်း မဟုတ်ပါဘဲလျက် ကျွန်ုပ်အတွက် ဤမျှလောက် ကြင်နာစွာပြုစုစောင့်ရှောက်ခြင်းသည်ကား ဆိုဗီယက်ယူနီယံ၌ ကျွန်ုပ် တွေ့ခဲ့ရသမျှသော အခြင်းအရာများအနက် မမေ့နိုင်ဆုံးသော အပြုအမူတစ်ခုအနေဖြင့် ကျွန်ုပ်၏နှလုံးသားတွင် မှတ်တမ်းတင်ထားလိုက်ရပါတော့သည် . . ."**

နောက်ဆုံး၌ ခွဲခါနီးတွင် အာလာက ကျွန်ုပ်တို့၏ မျက်နှာကို ဝမ်းနည်းသော အကြည့်ဖြင့်ကြည့်ကာ "ဂွတ်ဘိုင် ဖော် အဲဗား" "နောက်တစ်ကြိမ်တွေ့ဖို့ မျှော်လင့်ချက်မရှိသည့် နှုတ်ဆက်ခြင်းဖြင့် ကျွန်မ နှုတ်ဆက်လိုက်ပါတယ်"ဟု ပြောရှာသည်။ ဤစကားသည် ကျွန်ုပ်တို့ သုံးယောက်အတွက်ဖြစ်သော်လည်း အထက်ပါအခြင်းအရာကို သတိရလျက်ရှိသောကျွန်ုပ်မှာ ထိုလူနှစ်ယောက်ထက် ပို၍ထိခိုက်သည်ဟု ထင်မိပါသည်။

**က ချင်စိတ် ဖြစ်ပေါ်ခြင်း**

မတ်လ ၄ ရက်နေ့ညဥ့် ကျွန်ုပ်တို့သည် လီနင်ဂရက်မှ မော်စကိုသို့ ရထားဖြင့် ပြန်ကြမည်ဖြစ်ရာ ရထားထွက်ချိန်မှာ ၁၁ နာရီ ၅၅ မိနစ်ဖြစ်သည်။ (လက်ဦးစ၍ထွက်သော ဘူတာဖြစ်ပါလျက် ၁၂ နာရီတိတိမဟုတ်ဘဲ ငါးမိနစ်စော၍ သတ်မှတ်ထားခြင်းမှာ ရုရှားလူမျိုးတို့နှင့် ပတ်သက်၍ ကျွန်ုပ်နားမလည်နိုင်သော အချက်ဖြစ်၏။) ထိုညဥ့် ကျွန်ုပ်တို့သည် ဟိုတယ်တွင် နောက်ဆုံးနှုတ်ဆက်သည့် ညစာစားပွဲကျင်းပ၍ အတော်ပျော်ကြသည်။ ညစာစားပွဲသို့ မောင်သိုက်တို့ စုံတွဲနှင့် အမျိုးသမီးစာရေးဆရာတို့လည်း လာရောက်ကြ၏။ (စုံတွဲဟု ရေးသော်လည်း မောင်သိုက်မှာ လူပျိုမဟုတ်။ မြန်မာပြည်၌ ဇနီးနှင့် ကလေးတစ်ယောက်ရှိသူဖြစ်လေရာ အနောက်တိုင်း ထုံးစံအတိုင်း "တွဲ"ကြခြင်းဖြစ်၍ ရိုးရိုးသားသား ခင်မင်ကြခြင်းဖြစ်ပုံရသည်ဟု ကျွန်ုပ်အကဲခတ်မိသည်။"အမျိုးသားနှင့်အမျိုးသမီး"တွဲကြသည့် အနောက်တိုင်းထုံးစံမှာ ကျွန်ုပ်တို့ မြန်မာလူမျိုးများ နားလည်ဖို့ အခက်အခဲရှိသည်ဖြစ်၍ ဤထုံးစံ၏ အကောင်းအဆိုးကိုဝေဖန်ရန် ဆန္ဒမရှိပေ။) ညစာစားပွဲ၌ မကတတ်သော ကျွန်ုပ်တို့ "ဘိဓမ္မာ" သုံးယောက်သည် ကျွန်ုပ်တို့စားပွဲမှ ကတတ်သူများကို ကြည့်၍သွားရည်ကျလျက်ရှိကြသည်။ "သွားရည်ကျသည်"ဆိုသော စကားလုံးမှာ ကျွန်ုပ်အတွက် သက်သက်သုံးနှုန်းခြင်းဖြစ်ပါ၏။ ရေမှုလွဲ၍ မသောက်မစား၊ ဆေးလိပ်ပင်မသောက်ဘဲ သက်သတ်လွတ်စားသည့် ကိုလှကျော်နှင့် သခင်ကျော်စိန်တို့ကား မည်ကဲ့သို့ရှိကြသည် မပြောတတ်ပါ။ လောက၏ "ပျော်" ခြင်းများ၌ "စုံ"ချင်သော ကျွန်ုပ်အဖို့မှာမူ အရွယ်ကောင်းသေး၍ ကတတ်ပါက သူတို့နှင့်အတူတွဲကရလျှင် ပျော်လိမ့်မည်ဟူသောစိတ်ကူးသည် တစ်ကြိမ်မက ဖြစ်ပေါ်မိခြင်းကို ဝန်ခံပါသည်။ ထိုညကပွဲ၌ ကျွန်ုပ်၏ညီသည် ကျောင်းသူလေးနှင့်တစ်လှည့်၊ စာရေးဆရာမနှင့်တစ်လှည့် ကကြလေရာ ကျောင်းသူလေးသည် ညီ၏အကကောင်းပုံကို ကျွန်ုပ်အားပြောပြသဖြင့် သူ၏ပညာစုံခြင်းကို စိတ်ထဲကချီးမွမ်းမိပါသည်။ ဟုတ်ပုံလည်းရသည်။ ကျွန်ုပ်၏ညီသည် စစ်ဗိုလ်တစ်ယောက်ဖြစ်ခဲ့ဖူး၍ သူ၏ခြေဟန်၊ လက်ဟန်၊ ကဟန်တို့မှာ တခြားလူများထက် ကြည့်၍ကောင်းသည်ဟု သတိပြုမိသည်။

**မှတ်မိစရာအချက်**

ကျွန်ုပ်တို့သည် ၁၁ နာရီ ထိုးခါနီးတွင်မှ စားပွဲခန်းမှထလာကြပြီး ခရီးထွက်ရန်အတွက် ကတိုက်ကရိုက် ပြင်ဆင်ကြရ၏။ ကျွန်ုပ်မှာ မင်းကြီး၏ တောလိုက်စာရေးဖြစ်စဉ်က အလေ့အကျင့်ကြောင့် ပစ္စည်းများ သိမ်းဆည်းထုပ်ပိုးခြင်းအလုပ်မျိုးတွင် ကျင်လည်ခဲ့သော်လည်း အသက် ၆၀ ကျော်ကတည်းက ယင်းကိစ္စမျိုးကို ဇနီးဒေါ်စိုးက တာဝန်ယူပြီး ဆောင်ရွက်သည့်အတွက်ကြောင့် ခရီးထွက်ကြမည်ဆိုလျှင် တုတ်ကောက်ကိုင်ပြီး ထွက်လာခဲ့နိုင်၏။

ထိုညဥ့် ကျွန်ုပ်တို့သည် စောစောစီးစီးက ကြိုတင်ပြင်ဆင်မထားကြဘဲ အချိန်ကပ်ခါမှ ပျာယီးပျာယာ သိမ်းဆည်းကြရခြင်းဖြစ်သည်နှင့် ကျွန်ုပ်မှာ အရေးကြီးသောပစ္စည်းတစ်ခု မေ့ကျန်ရစ်ခဲ့၏။ ကျွန်ုပ်သည် ရုရှားပြည်သို့ ခရီးထွက်ရမည်ဆိုကတည်းက နွေးသောအတွင်းခံအဝတ်များ လုံလောက်အောင်ဝယ်ယူခဲ့သော်လည်း အပေါ်ဝတ်အတွက်မှာမူ သက္ကလတ်ရှမ်းဘောင်းဘီတစ်ထည်နှင့် ဂျာကင်တစ်ထည်သာပြင်ဆင်ထား၏။ လူထုဦးလှက အလှဝတ်တစ်စုံချုပ်သင့်ကြောင်း တိုက်တွန်းသော်လည်း "အဘိုးကြီးကပဲ တော်ရောပေါ့"ဟု ကျွန်ုပ်က ငြင်းလာခဲ့ရာ ရန်ကုန်သို့ရောက်ခါမှ ကိုလှကျော်တို့လူစုကိုအားကျပြီး အလှဝတ်တစ်စုံ ချုပ်လာခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

## အုတ်တွင်းမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား ဆောင်းသီးနှံမြေပဲမျိုးနှင့်သွင်းအားစုများ ပေးအပ်ပွဲကျင်းပ



အုတ်တွင်း အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်သမဝါယမအသင်းစုမှ သမဝါယမအသင်းသား တောင်သူများအား ဆောင်းသီးနှံမြေပဲ ပန်းတိုင်အထွက်နှုန်းရရှိစေရေး မျိုးနှင့်သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထားထားအေးက ဆောင်းသီးနှံမြေပဲစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များက သမဝါယမအသင်းလေးသင်းမှ အသင်းသားတောင်သူ ၁၉၀ ဦး၏ မြေပဲစိုက်ဧက ၁၀၀၀ အတွက် အသင်းပိုင်အစီအစဉ်ဖြင့် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှင့်ညီမျှသော မျိုးနှင့်သွင်းအားစုများပေး အပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# အဆင့်မြင့်စက်သုံးဆီများထုတ်လုပ်သည့်စက်ရုံနှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုလေ့လာ

နေပြည်တော်  အောက်တိုဘာ  ၂၃

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဟူကျိုးမြို့ရှိ အဆင့်မြင့်စက်သုံးဆီများထုတ်လုပ်သည့်စက်ရုံနှင့် ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်စက်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟူကျိုးမြို့ရှိ အဆင့်မြင့်စက်သုံးဆီများ ထုတ်လုပ်သည့် စက်ရုံသို့သွားရောက်၍ ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ကန်များ တည်ဆောက်ထားရှိမှု၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ RON အရည်အသွေးနိမ့်သောစက်သုံးဆီများအား RON 92, RON 95 နှင့် RON 98 များအဖြစ် အဆင့်မြှင့်တင်ထုတ်လုပ်နေမှု၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ရပ်လုံးအား Digital Control စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေမှု၊ ထုတ်လုပ်ပြီး စက်သုံးဆီများအား ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးနေမှု၊ စက်ရုံသို့ကုန်ကြမ်းသယ်ယူခြင်း၊ ကုန်ချောဖြန့်ဖြူးခြင်းများအတွက် ပိုက်လိုင်းသွယ်တန်း၍ Control Station မှ စောင့်ကြည့်ထိန်းချုပ်နေမှုအခြေအနေများကို လေ့လာကြည့်ရှုသည်။

ကြည့်ရှုလေ့လာစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့စက်ရုံတွင် လက်ရှိအသုံးပြုလျက်ရှိသော Control System အား Digital စနစ်သို့ ပြောင်းလဲအသုံးပြုလိုသည့်အခြေအနေ၊ စက်ရုံရှိ Laboratory အား အဆင့်မြှင့်တင်လိုမှု၊ မိမိတို့ဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိစက်ရုံသို့ စေလွှတ်၍ စာတွေ့လက်တွေ့ လေ့ကျင့်သင်ယူလိုမှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ရာ ကုမ္ပဏီ၏ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့က နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သည့် RON 68 များအား အဆင့်မြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ လုပ်ငန်းခွင်သင်တန်းများပို့ချပေးနိုင်ရန် အဆင်သင့်ရှိကြောင်း ပြန်လည်ဆွေးနွေးသည်။

မကြာမီကာလအတွင်း ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ကို မြန်မာနိုင်ငံရှိ ရေနံချက်စက်ရုံသို့စေလွှတ်၍ ဖြစ်နိုင်ခြေဆန်းစစ်မှုများ လေ့လာဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများအပေါ် နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံပိုင် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသို့သွားရောက်၍ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သောကျောက်မီးသွေး၏ အရည်အသွေးနှင့်ပြည့်မီစွာ စဉ်ဆက်မပြတ်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ Clean Coal Technology (CCT) ကဲ့သို့သော အဆင့်မြင့်နည်းပညာများ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ကျောက်မီးသွေးထွက်ရှိသဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုပါက ပြည်သူများအနေဖြင့် ချိုသာသောဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်မည်ဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုဆိုင်ရာကတိကဝတ်များ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ပြီး အဆင့်မြင့်နည်းပညာများကိုစနစ်တကျလွှဲပြောင်းရရှိရေး၊ Human Resourses (HR) မြင့်မားစေရေးအတွက် လုပ်ငန်းခွင်သင်တန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးနိုင်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ နိုင်ငံပိုင် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံသည် ထိုက်ချန်းမြို့၏ မြို့ပြဧရိယာအတွင်း၌ပင် တည်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ လျှပ်စစ်ဓာတ်အား ထုတ်ယူဖြန့်ဖြူးလျက်ရှိနေကြောင်း သိရသည်။

မြဝတီ

# စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများသင်ကြားနေသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များ အတည်ပြုညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်  အောက်တိုဘာ  ၂၃

၂၀၂၅-၂၀၂၆ ပညာသင်နှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတတ်ပညာများ သင်ကြားနေသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာ လုပ်ငန်းစဉ်များ အတည်ပြုညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးပြည့်ဝသည့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် ချိတ်ဆက်ပေါင်းကူးနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်း၍ အခြေခံပညာတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများကို ၂၀၂၃-၂၀၂၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါတွင် ၈၉ ကျောင်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး Grade-10 တွင် ကျောင်းသား၊ ကျောင်းသူ ငါးထောင်ကျော်၊ Grade -11 တွင် ကျောင်းသား၊ ကျောင်းသူ ငါးထောင်ကျော်နှင့် Grade -12 တွင် ကျောင်းသား၊ ကျောင်းသူသုံးထောင်ကျော် တက်ရောက်လျက်ရှိကြောင်း။

Grade-9 ပြီးမြောက်ပါက ပညာဆက်လက်သင်ယူနိုင်ရန် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက်ရောက်လိုသည့် အခြေခံပညာဘာသာရပ်တွင် သက်မွေးပညာများဖြစ်သည့် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးနည်းပညာနှင့်သင်ယူလေ့လာခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခြေခံဘာသာရပ်များကို အခြေခံပညာဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ နည်းပညာဘာသာရပ်များကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဦးစီးဌာနများမှ ဆရာ၊ ဆရာမများက အားဖြည့်သင်ကြားပေးလျက်ရှိကြောင်း။

Grade-10 နှင့် Grade-11 အတန်းများကို အခြေခံပညာကျောင်းများတွင် ရာနှုန်းပြည့် သင်ကြားပေးလျက်ရှိကြောင်း၊ Grade -12 တွင် မြန်မာစာ ၃၀ ရာခိုင်နှုန်း၊ အင်္ဂလိပ်စာ ၁၀၀ ရာခိုင်နှုန်း၊ သင်္ချာ ၁၀၀ ရာခိုင်နှုန်း၊ ရူပဗေဒ ၆၀ ရာခိုင်နှုန်း၊ ဓာတုဗေဒ ၄၀ ရာခိုင်နှုန်း သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများနည်းတူ အခန်းဆုံးတတ်မြောက်မှု စစ်ဆေးခြင်း နှစ်ကြိမ်၊ ပထမနှစ်ဝက်ပြီးဆုံးပါက တစ်ကြိမ်၊ နောက်ဆုံးနှစ်ဝက်ပြီးဆုံးပါက တစ်ကြိမ် စုစုပေါင်း လေးကြိမ် စစ်ဆေးခြင်းပုံစံဖြင့် ဆောင်ရွက်ကြောင်း၊ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဦးစီးဌာနများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး ရရှိလာသည့်ဆွေးနွေးချက်များကို ယခုအစည်းအဝေးတွင် အတည်ပြုဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အခြေခံပညာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများဆောင်ရွက်ထားရှိမှု၊ စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသူများက မေးခွန်းပြုစုခြင်း၊ Boad of Examination ဖွဲ့စည်းခြင်းနှင့် စာမေးပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အခြေအနေများအပေါ် အပြန်အလှန်ဆွေးနွေးကြပြီး Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုမှတ်တမ်းတင်ကာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရေနံချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်ရေးရာအသိပညာပေးဟောပြော



ရေနံချောင်း အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၂ ရက်က ရွှေကြာငုံရပ်ကွက် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း(ဗိုလ်ချုပ်)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ လူအများကြားတွင် ရဲဝံ့စွာပြောဆိုတတ်စေရန်နှင့် အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံဒေါ်ချိုဝေလွင်က အစားအစာဘေးကင်းလုံခြုံရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာန တိုင်းရင်းဆေးမှူး ဒေါ်မြင့်မြင့်ကြည်က မိုးရာသီတွင်ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် တိုင်းရင်းဆေး၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသိပညာပေးဟောပြောကာ ကျောင်းသား၊ ကျောင်းသူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စဉ့်ကိုင်မြို့နယ်၌ ဈေးကွက်အတွင်းရောင်းချနေသည့် စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

စဉ့်ကိုင် အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိရေး၊ ဥပဒေနှင့်အညီထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၂ ရက်က ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရောင်းချသည့် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းလတ်နှင့်ဝန်ထမ်းများက ဝင်းရှောက်လုံးယို၊ ဒေါ်လာတိုင်းရင်းဆေးနှင့် အာရှသားစားသုံးဆီစက်တို့မှ ဈေးကွက်အတွင်းရောင်းချလျက်ရှိသော စားသောက်ကုန်ပစ္စည်းများတွင်ပါဝင်သည့်ပစ္စည်းများ၊ ထားသိုနည်းများ၊ စားသုံးရန်အညွှန်းများနှင့် သတိပြုရန်အချက်များကို ကြည့်ရှုစစ်ဆေးသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိပြီး ထုတ်ကုန်ပစ္စည်းများရောင်းချရာတွင် စားသုံးရန်မသင့်သည့် ဓာတ်ပစ္စည်းများပါဝင်မှုမရှိစေရေး၊ ဈေးကွက်အတွင်း သန့်ရှင်းလတ်ဆတ်သော ကုန်ကြမ်းများနှင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်ရောင်းချရေး၊ ကျန်းမာရေးနှင့်အညီ သန့်ရှင်းသပ်ရပ်စွာထုပ်ပိုးသိမ်းဆည်းသယ်ယူရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာစားသုံးနိုင်ရေးနှင့် သက်ဆိုင်ရာဌာနများ၏ပြဌာန်းချက်များအား လိုက်နာရေးများကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အသိပညာပေး သင်တန်းဖွင့်လှစ်


ထားဝယ် အောက်တိုဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး၌ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အသိပညာပေးသင်တန်းကို အောက်တိုဘာလ ၂၃ ရက်တွင် ထားဝယ်မြို့ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးသန်းထိုက်က စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို မျိုးဆက်သစ်ပညာရှင်များက နည်းပညာနှင့်အတွေ့အကြုံများကို ဆွေးနွေးပို့ချမျှဝေပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ ရေမြေဒေသအပေါ်မူတည်ပြီး စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည့် စပါး၊ နှမ်း၊ မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ ဆီအုန်း၊ ရော်ဘာ၊ ကိုကိုး၊ ကော်ဖီ၊ သီဟိုဠ်၊ ဒူးရင်း၊ အုန်း၊ ဝဥ၊ ကွမ်းသီးစသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီရှိန်နှင့် ပညာရှင်ဝန်ထမ်းများက ကိုကိုး၊ ကော်ဖီ၊ အုန်း၊ ကွမ်းသီး၊ စပါး၊ မတ်ပဲ၊ ဝဥ၊ ဒူးရင်း၊ အစေ့ထုတ်ပြောင်း၊ ရော်ဘာ၊ ဆီအုန်း၊ နှမ်း၊ သီဟိုဠ် စသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မည့် နည်းပညာများနှင့် အတွေ့အကြုံများကို အသီးသီးရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏သိရှိလိုသည့် မေးမြန်းမှုများအပေါ် အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

ကျော်ကျော်လတ်




# ဒိုက်ဦးမြို့နယ် ကြွေးခင်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများထုတ်ချေးပေး

ဒိုက်ဦး အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ ကြွေးခင်တန်းကျေးရွာ၌ (၁၁) ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၂၂ ရက်က ဆောင်ရွက်သည်။


ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့်ဝန်ထမ်းများက ကြွေးခင်တန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါအကြောင်းအရာများ၊ စီမံကိန်းမူဘောင်နှင့်လုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများသိရှိရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၅၂ ဒသမ ၁ သန်းကို ကြွေးခင်တန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြွေးခင်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးအတွက် ငွေကျပ် ၂၇ ဒသမ ၇၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးအတွက် ငွေကျပ် ၂၄ ဒသမ ၃၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၆ ဦးအတွက် ငွေကျပ် ၅၂ ဒသမ ၁ သန်းကို အတိုးနှုန်းသက်သာစွာ တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# ငဖဲမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ



ငဖဲ အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ အားကစားနှင့်လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာလ ၂၃ ရက်တွင် ဇီးတောကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ဇီးတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေး သိကောင်းစရာများ၊ အသိပညာဗဟုသုတတိုးပွားစေရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် အတွေးအခေါ် ရင့်သန်မှန်ကန်စေရန်အတွက် ကျောင်းစာသာမက သုတ၊ ရသ စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုကြရန် ပြောကြားကာ ဒုတိယဦးစီးမှူး ဦးသက်နောင်ထွန်းက လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်နန်းသီတာထွေးက အားကစားနည်း အမျိုးအစားများ၊ လူငယ်နှင့်အားကစား ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး အားကစားပစ္စည်းနှင့် ကျောင်းစာကြည့်တိုက်အတွက် တိုင်းရင်းသားရိုးရာပုံပြင်စာအုပ်များပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ကလေးကြိုက်ရုပ်ပြ၊ ပုံပြင်၊ တေဇစာအုပ်များဖြင့် ကလေးစာဖတ်ဝိုင်းဆောင်ရွက်ပြီး ပြသထားရှိသောကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးနံရံကပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မယု(ငဖဲ)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

## MWD Education, Knowledge & Sports Channel

၂၄-၁၀-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၅ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၅:၅၅ | Grade – 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၅:၅၅ - ၁၇:၃၀ | Grade – 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့်ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း စိုက်ပျိုးသီးနှံအလိုက်ပန်းတိုင်သီးနှံ(၁၃)မျိုး ပန်းတိုင်ရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်းစသည့်အချက်လေးချက်ဟန်ချက်ညီညီကောင်းမွန်ပြည့်စုံရန်ဖြည့်ဆည်းပေးသွားရမည်ဖြစ်ကြောင်း၊ မိရိုးဖလာစိုက်နည်းစနစ်များ၊ မျိုးစေ့အဟောင်းများကို အချိန်မီပြောင်းလဲနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာနှင့်နှမ်းကိုသတ်မှတ်ကေပြည့်မီစေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ သီးညှပ်စိုက်ဧကလျှော့ချပြီး သီးထပ်ဧကတိုးတက်စေရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်ရှည်သီးနှံစိုက်ဧကများတွင် ရိုဘက်စတာကော်ဖီနှင့်ကိုကိုးပင်များကို စိုက်ပျိုးနိုင်ရေး စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပဲပုပ်စိုက်ပျိုးရာတွင် ဆီထွက်ပဲပုပ်ကို ရွေးချယ်စိုက်ပျိုးနိုင်ရေး အသိပညာပေးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဒေသတွင်းစားရေရိက္ခာဖူလုံစေရေးနှင့် အသား/ငါး/ဥဖူလုံပိုလျှံစေရေး လအလိုက်သတ်မှတ်မွေးမြူရမည့်စီမံချက်ပါအတိုင်း အပြည့်အဝမွေးမြူနိုင်ရေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားရန်နှင့် စိုက်ပျိုးသီးနှံများတွင် ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်စေရေး အသိပညာပေးခြင်းများအရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝါးနှင့်ဝါအခြေခံပြီး ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်စေရေးနှင့်လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်း၊ မျိုးစုဆောင်းခြင်းများဆောင်ရွက်ထားရန် မှာကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများက မိုးသီးနှံစိုက်ပျိုးထားရှိမှု၊ ထွက်ရှိမှု၊ ဆောင်းသီးနှံစိုက်ပျိုးမည့်စီမံချက်များအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်၍ သီးခြားလိုအပ်ချက်များအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်သည့် ညွှန်ကြားချက်များအား ဖတ်ကြားရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့်ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

နေပြည်တော် အောက်တိုဘာ ၂၃

နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Myanmar Citizens Bank နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းတွင်ရွာတော်ကုန်းကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Mobile Financial Payment စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Myanmar Citizens Bank မှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာတော်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၄၀ အား အသင်းသား၊ အသင်းသူများ၏ တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးကြောင်း သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**

# လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး

**"လေထု၏အရည်အသွေးက လူသားတို့ ကျန်းမာရေးအပေါ် သက်ရောက်မှုရှိသည်။ လေထုညစ်ညမ်းမှုကင်းလေလေ၊ အသက်ရှည်လေလေ ဖြစ်သည်။ လေ့လာမှုအရ လေထုညစ်ညမ်းမှု ကင်းစင်သောဒေသများတွင် နေထိုင်သူများက အသက်ပိုရှည်တတ်သည်။ နှစ်စဉ် ကမ္ဘာတစ်လွှားတွင် လေထုညစ်ညမ်းမှုကြောင့် လူခုနစ်သန်း နီးပါး ကျန်းမာရေးထိခိုက်ကာ အသက်ဆုံးရှုံးနေကြရသည် . . ."**

ကျွန်ုပ်တို့လူသားများ၏ကျန်းမာရေးအပေါ် ကြိုးကိုင်ထားသည့် အရာတစ်ခုရှိသည်။ ထိုအရာကား ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်းပင်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်းသည် ကျန်းမာရေးကဏ္ဍအပေါ် လွှမ်းမိုးသက်ရောက်မှုများသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုသည်မှာ ရေရှည်ပုံစံဖြင့် ကမ္ဘာ့အပူချိန်ပြောင်းလဲလာခြင်း၊ ရာသီဥတုပုံစံများပြောင်းလဲလာခြင်း စသည်တို့ဖြစ်သည်။ အပူချိန်မြင့်တက်လာပါက ပင်လယ်နှင့် သမုဒ္ဒရာရေမျက်နှာပြင်မြင့်တက်လာပြီး ကမ်းခြေဒေသ၏ဂေဟစနစ်များ ပျက်စီးမည်ဖြစ်သည်။ ကမ်းခြေဒေသ၏ တိရစ္ဆာန်မျိုးစိတ်၊ အပင်မျိုးစိတ်များ ပျက်စီးခဲ့သော် မှီခိုနေရသောရေသတ္တဝါများ၊ ရေသတ္တဝါများအပေါ် မှီခိုနေရသောလူများ ထိခိုက်မှုဖြစ်လာစေသည်။

ကမ္ဘာပေါ်တွင် စက်မှုလုပ်ငန်းနှင့် နည်းပညာရပ်များတိုးတက်လာသည်နှင့်အမျှ ပတ်ဝန်းကျင်အပေါ် စွန့်ပစ်ပစ္စည်းအများအပြား စွန့်ထုတ်လာမည်ဖြစ်သည်။ လောင်စာများ ပိုမိုလောင်ကျွမ်းကာ ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် မှန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေသည်။ တခြားဓာတ်ငွေ့များ ပိုမိုထွက်ရှိလာသည်။ ထိုအခါ ကမ္ဘာ့အောက်ခြေလေထုသည် ယခင်ကထက်ပူနွေးကာ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်းဖြစ်ပေါ်လာသည်။

လေထုညစ်ညမ်းခြင်း၊ သောက်သုံးရေမသန့်ရှင်းခြင်း၊ ဘေးကင်းစိတ်ချရသောအစားအစာများချို့တဲ့လာခြင်း စသည်တို့သည် ကျန်းမာရေးပြဿနာများ၏အရင်းအမြစ်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်းသည် လူသားများ၏ ကျန်းမာရေးအပေါ် သိသိသာသာထိခိုက်နိုင်သည့် ကူးစက်ရောဂါပျံ့နှံ့စေခြင်း၊ စိတ်ကျန်းမာရေးပြဿနာဆိုးရွားလာခြင်း စသည်တို့အပါအဝင် ပြဿနာပေါင်းစုံကို ဦးတည်လာတတ်သည်ဟု ကျွမ်းကျင်သူများက ဆိုကြသည်။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ အပူချိန်မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။

အပူချိန်မြင့်မားလာခြင်းနှင့် မကြာခဏ ရေကြီးရေလျှံခြင်းသည် ရောဂါများ၊ ထိခိုက်ဒဏ်ရာရရှိခြင်းများကို ပိုမိုဆိုးရွားစေသည်ဟု ဥရောပပညာရေးသိပ္ပံပညာရှင်အကြံပေးအဖွဲ့ (EASAC)ကဆိုသည်။ ထိုအဖွဲ့ကပင် လူသားတို့ မြေအောက်ရေအလွန်အကျွံသုံးစွဲခြင်းကြောင့် ကမ္ဘာကြီး ၃၀ ဒီဂရီတိမ်းစောင်းသွားပြီး ရာသီဥတုပြင်းထန်ခြင်း၊ မုန်တိုင်းနှင့်ရေကြီးရေလျှံခြင်း ဆိုးရွားလာစေသည်ဟုဆိုသည်။

ရာသီဥတုပူနွေးခြင်း၊ တောမီးလောင်ခြင်း၊ လေထုညစ်ညမ်းခြင်း စသည်တို့သည် ထိခိုက်မှုအပြီး စိတ်ဖိစီးမှုဝေဒနာ၊ စိတ်ပူပန်ခြင်း၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအလွဲသုံးခြင်း၊ စိတ်ကျခြင်း စသည်တို့ဖြစ်လာစေနိုင်သည်။

**ရုပ်ပိုင်းဆိုင်ရာရောဂါများထူပြောလာခြင်း**

အပူချိန်အနည်းငယ်မြင့်တက်ရုံဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားမှုကို ပိုမိုမြင့်မားစေသည်။ ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပြန့်ပွားစေသည်။ ဥပမာ- ရာသီဥတုအပူချိန်ပြောင်းလဲလာခြင်းသည် သွေးလွန်တုပ်ကွေးရောဂါကို သယ်ဆောင်သည့်ခြင်၊ ခြင်ကျားကို ပိုမိုပေါက်ပွားစေသည်။ ရာသီဥတုအခြေအနေသည် ငှက်ဖျားရောဂါအပေါ် သက်ရောက်မှုရှိသည်။ ငှက်ဖျားရောဂါဖြစ်စေသော အနောဖလီခြင်သည် နှစ်စဉ်လူလေးသိန်းခန့်ကို သေဆုံးစေပြီး ပူနွေးသော၊ စိုစွတ်သောနေရာ၌ ပေါက်ပွားသည်။

အသက်တစ်ချက်ရှူတိုင်း ရောဂါဖြစ်စေရန် တွန်းပို့ပေးနေသောလေများ ခန္ဓာကိုယ်တွင်းသို့ဝင်လာသည်ထက် ကြောက်စရာကောင်းသည့်အရာမရှိပါ။ ထို့ကြောင့် မိမိအိမ်ပတ်ဝန်းကျင်တွင် သစ်ပင်များစိမ်းလန်းစိုပြည်စွာစိုက်ပျိုးထားသင့်သည်။ လေထုညစ်ညမ်းမှုကို လျှော့ချသည့်အနေဖြင့် ဆိုင်ကယ်၊ မော်တော်ယာဉ်အသုံးပြုမှုလျှော့ချကာ လမ်းလျှောက်ခြင်း၊ လျှပ်စစ်ကား၊ လျှပ်စစ်ဆိုင်ကယ်များ ပို၍သုံးစွဲသင့်သည်။

အကောင်းနှင့်အဆိုးက အမြဲဒွန်တွဲနေသကဲ့သို့ တိုးတက်မှုကြောင့် လေထုညစ်ညမ်းမှုမြင့်တက်လာရသည်။ ကမ္ဘာတစ်ဝန်းတိုးတက်မှုများလာသကဲ့သို့ ကမ္ဘာကြီးကျန်းမာရေး၊ လူနှင့်ပတ်ဝန်းကျင်ကျန်းမာရေး ထိခိုက်လာသည်။ ယာဉ်များ၊ စက်ရုံများ တိုးတက်လာသောကြောင့် နေ့စဉ်အသက်ရှင်ရပ်တည်မှုအပေါ် သက်ရောက်မှုဆိုးရွားလာသည်။

လေထု၏အရည်အသွေးက လူသားတို့ကျန်းမာရေးအပေါ် သက်ရောက်မှုရှိသည်။ လေထုညစ်ညမ်းမှုကင်းလေလေ၊ အသက်ရှည်လေလေဖြစ်သည်။ လေ့လာမှုအရ လေထုညစ်ညမ်းမှုကင်းစင်သောဒေသများတွင် နေထိုင်သူများက အသက်ပိုရှည်တတ်သည်။ နှစ်စဉ် ကမ္ဘာတစ်လွှားတွင် လေထုညစ်ညမ်းမှုကြောင့် လူခုနစ်သန်းနီးပါး ကျန်းမာရေးထိခိုက်ကာ အသက်ဆုံးရှုံးနေကြရသည်။

မြို့ပြဒေသ လူနေထူထပ်မှုများလာခြင်း၊ စွမ်းအင်အများအပြားအသုံးပြုခြင်း၊ လေအေးပေးစက်၊ အနွေးပေးစက်အသုံးပြုခြင်း၊ သွားလာပို့ဆောင်ရေးအတွက် စက်တပ်ယာဉ်များအသုံးပြုမှု၊ ဇီဝရုပ်ကြွင်းလောင်စာအသုံးပြုမှု၊ တောမီးလောင်မှု၊ စက်ရုံ၊ အလုပ်ရုံများမှထွက်ရှိလာသောအခိုးအငွေ့များကြောင့် လေထုညစ်ညမ်းမှု တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာသည်။

လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးလွန်စွာထိခိုက်နိုင်သည်။ လေထုညစ်ညမ်းမှုကြောင့် အသက်ရှူကျပ်ခြင်း၊ အသက်ရှူလမ်းကြောင်းမအီမသာဖြစ်ခြင်း၊ မျက်လုံးများ ကျိန်းစပ်ခြင်းနှင့် အသားအရေခြောက်သွေ့ခြင်းများ ခံစားရနိုင်သည်။

လေထုညစ်ညမ်းသည့်အခါ လေထုထဲတွင်ပါဝင်သည့် သာမန်မျက်စိဖြင့်မမြင်နိုင်သော ညစ်ညမ်းသည့်အရာဝတ္ထုများက ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ထဲသို့ ရောက်ရှိသွားနိုင်သကဲ့သို့ အသက်ရှူလမ်းကြောင်းစနစ်၊ သွေးလှည့်ပတ်မှုစနစ်များထဲရောက်ရှိကာ အဆုတ်၊ နှလုံးနှင့် ဦးနှောက်တို့ ထိခိုက်ပျက်စီးစေနိုင်သည်။

လေထုညစ်ညမ်းမှုကြောင့် တွေ့ကြုံရနိုင်သောကျန်းမာရေးပြဿနာများမှာ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခေါင်းကိုက်ခြင်း၊ စိတ်ဖိစီးခြင်း၊ လည်ချောင်းစပ်ခြင်း၊ အဆုတ်ထိခိုက်ခြင်း၊ မောပန်းလွယ်ခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူလမ်းကြောင်းတစ်လျှောက် ဆဲလ်များပျက်စီးခြင်းတို့ဖြစ်နိုင်သည်။

လေထုညစ်ညမ်းမှုကို ကာလကြာရှည်ထိတွေ့နေရလျှင် အဆုတ်များကောင်းစွာအလုပ်မလုပ်နိုင်ခြင်း၊ အဆုတ်ရောဂါခံစားရနိုင်ခြင်း၊ ပန်းနာ၊ ရင်ကျပ်ရောဂါခံစားရခြင်း၊ လေပြွန်ရောင်ခြင်း၊ အဆုတ်ကင်ဆာခံစားရနိုင်ခြင်း၊ အရွယ်မတိုင်မီသေဆုံးနိုင်ခြင်း၊ နှလုံးထိခိုက်နိုင်ခြင်း၊ နှလုံးသွေးကြောဆိုင်ရာရောဂါခံစားရနိုင်ခြင်း၊ အသည်းထိခိုက်ခြင်း၊ ပန်ကရိယထိခိုက်နိုင်ခြင်း၊ ကိုယ်ခံအားနည်းသောကြောင့် ရောဂါဝင်လွယ်ခြင်း၊ နှလုံးရောဂါရှိသူများ၊ ဆီးချိုရောဂါရှိသူများ၊ အဆုတ်ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ပြင်ပ၌အလုပ်လုပ်ကြရသူများ၊ ကလေးများ၊ ဘိုးဘွားများ၊ အားကစားသမားများ လေထုညစ်ညမ်းမှုကြောင့် ရောဂါပိုမိုခံစားရနိုင်သည်။

သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေမည့် ဖန်လုံအိမ်အာနိသင်ကိုဖြစ်ပေါ်စေမည့်ကိစ္စရပ်များကို ရှောင်ရှားရမည်ဖြစ်သည်။ စွမ်းအင်ကိုချွေတာသုံးစွဲခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကိုလျှော့ချခြင်း စသည်တို့ဖြစ်သည်။ လေထုညစ်ညမ်းမှုတစ်ခုတည်းကပင် လူသားတို့ ကျန်းမာရေးအပေါ် ဆိုးရွားစွာသက်ရောက်စေသည်။

လေထုညစ်ညမ်းခြင်းဆိုသည်မှာ သက်ရှိလူသား၊ တိရစ္ဆာန်၊ သစ်ပင်၊ ပတ်ဝန်းကျင်လောကကို ဒုက္ခဖြစ်စေနိုင်သည့်အမှုန်အမွှားများ၊ ဓာတ်ငွေ့များပါဝင်သည်ကို ဆိုလိုခြင်းဖြစ်သည်။ သဘာဝတရားကြီးမှ လာရောက်ခြင်းနည်းပြီး လူကြောင့်ဖြစ်စေ၊ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ယာဉ်အိပ်ဇောဓာတ်ငွေ့ကြောင့်ဖြစ်စေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးများကြောင့်ဖြစ်စေ လေထုညစ်ညမ်းနိုင်သည်။

**လေထုအဆိပ်သင့်ခြင်း**

လေထုအဆိပ်သင့်ခြင်းဆိုသည်မှာ လေထုထဲတွင် လေထုညစ်ညမ်းပစ္စည်းများစွာ သိပ်သည်းလာခြင်းက အဆိုးဆုံးအဆင့်ပင်ဖြစ်သည်။ အဆိုပါအခြေအနေထိ ရောက်ရှိမှုရှားပါးသည်ဆိုသော်လည်း ဖြစ်ခဲ့သော် သက်ရှိလူသား၊ အပင်နှင့်တိရစ္ဆာန်အားလုံးဒုက္ခဖြစ်စေနိုင်သည်။ လေထုအဆိပ်သင့်ခြင်းဖြစ်စေသော အဓိကတရားခံများမှာ လောင်စာသုံးစက်တပ်မော်တော်ယာဉ်များ၊ ထင်း၊ မီးသွေး၊ မီးခိုးငွေ့များ၊ ကျောက်မီးသွေးတွင်း၊ ရေနံတွင်းမှထွက်ရှိသည့် ဂက်စ်များ၊ အိမ်သုတ်ဆေးနှင့် ဆေးညီအောင်ညှိသည့်ဆေးများသည်လည်း လေထုအဆိပ်သင့်ခြင်းကိုဖြစ်စေသည်။

**သစ်ရွက်မီးရှို့ခြင်း**

သစ်ရွက်များ၊ အမှိုက်များကိုမီးရှို့ပြီး အပူလှုံကြသည်မှာ ဆောင်းတွင်းကာလတွင် ပြုလုပ်လေ့ရှိသောအလေ့အထဖြစ်သည်။ အမှိုက်လည်းရှင်းသည်။ အပူလည်းရသည်။ သို့သော် လေထုညစ်ညမ်းမှုက တန်းပြီးပါလာသည်။ သစ်ရွက်များမီးရှို့ရာမှထွက်ရှိသောဓာတ်ငွေ့ကိုရှူရှိုက်မိပါက ပန်းနာ၊ ရင်ကျပ်ရောဂါရှိသူများ ဝေဒနာပိုဆိုးလာနိုင်သည်။ မကြာခဏချောင်းဆိုးပြီး အသက်ရှူကျပ်မည်။ မျက်လုံး၊ နှာခေါင်းနှင့် လည်ချောင်းများစပ်လာမည်။ မီးရှို့ရာမှထွက်လာသောမီးခိုးငွေ့သည် ရေကိုလည်းညစ်ညမ်းစေသည်။ အထူးသဖြင့် ဆောင်းရာသီနှင့် နွေဦးရာသီတွင် သစ်ရွက်များကိုမီးရှို့ပြီး အပူလှုံလေ့ရှိရာမှ လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလွင်သန့်**

# ထန်းတပင်မြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးဆွေးနွေး

**ထန်းတပင် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးပညာရှင်များက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်များ လိုက်နာကျင့်သုံးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများ ထည့်သွင်းအသုံးပြုရေး၊ ဓာတ်မြေဩဇာ စနစ်တကျ အချိုးညီအချိန်ကိုက်သုံးစွဲရေး ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

# မြိတ်တက္ကသိုလ်၌ ဘာသာရပ်အလိုက် သုတေသနစကားဝိုင်းဆွေးနွေးပွဲကျင်းပ



**မြိတ် အောက်တိုဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တက္ကသိုလ်ရပ် နတ်စင်လမ်းရှိ မြိတ်တက္ကသိုလ်ပင်မဆောင် ပုလဲသစ္စာခန်းမ၌ မြိတ်တက္ကသိုလ် ဘာသာရပ်အလိုက် သုတေသနစကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ သတ္တဗေဒဌာနမှ သရုပ်ပြဆရာမများက မြိတ်မြို့၏ဈေးကွက်ဝင် ပင်လယ်ငါးများကို Online ဈေးကွက်ဖြင့် ရောင်းဝယ်ဖောက်ကားခြင်းသုတေသနစာတမ်းခေါင်းစဉ်နှင့် ပတ်သက်၍ စကားဝိုင်းဆွေးနွေးကြသည်။ ဆက်လက်၍ သုတေသနစာတမ်းနှင့်ပတ်သက်၍တက်ရောက်လာကြသည့်ခေတ္တပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိနှင့် ဆရာ၊ ဆရာမများက သိရှိလိုသည်များအား ဆွေးနွေးမေးမြန်းရာ သရုပ်ပြဆရာမဒေါ်ဇင်မာစိုးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်သမိုင်းဌာနမှ နည်းပြဆရာ၊ ဆရာမများက တောကျောင်းပရိယတ္တိစာသင်တိုက်အတွင်းရှိ သမိုင်းဆိုင်ရာအထောက်အထားများ သုတေသနစာတမ်းခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးရာ တက်ရောက်လာကြသည့် ခေတ္တပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများက သိရှိလိုသည်များအားဆွေးနွေးမေးမြန်းကြပြီး သမိုင်းဌာနမှ နည်းပြဆရာဦးသက်ဇော်ဦးကပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ မြင့်ဦး(မြိတ်)

# ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ညောင်ဦး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေရန်နှင့် သီးနှံကုန်ထုတ်စွမ်းအားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေနဲလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို အောက်တိုဘာလ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မြေနဲလေးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်းအရှည် ၆ ဖာလုံအား အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မမြေသားတင်ဂျင်းခင်းခြင်း ကုန်ထုတ်လမ်းဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။



အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက မြေနဲလေးကျေးရွာရှိ အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၈၁၇ ဦး၏ စိုက်ပျိုးလယ်မြေများကို အဆင်ပြေစွာသွားလာစိုက်ပျိုးနိုင်မည့် အပြင် စိုက်ခင်းများမှထွက်ရှိသော လယ်ယာထွက်ကုန်သီးနှံများကိုလည်း ဈေးကွက်သို့လွယ်ကူစွာအချိန်မီ သယ်ယူပို့ဆောင်ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ ရဲဝင်းနိုင်(ညောင်ဦး)

# မုံရွာမြို့၌ စပါးသီးနှံအာဟာရဓာတ်ချို့တဲ့မှုနှင့် အဆိပ်သင့်မှုလက္ခဏာများ နည်းပညာပေးသင်တန်းဖွင့်လှစ်

**မုံရွာ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိစစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ မြေ၊ မျိုး၊ ပိုးဌာန သင်တန်းခန်းမ၌ အောက်တိုဘာလ ၂၂ ရက် နံနက်ပိုင်းတွင် စပါးသီးနှံအာဟာရဓာတ်ချို့တဲ့မှုနှင့် အဆိပ်သင့်မှုလက္ခဏာများ နည်းပညာပေးသင်တန်းဖွင့်ပွဲကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိန်မောင်မြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးစိန်မောင်မြင့်က စပါးပင်အာဟာရဓာတ်ဖြည့်သွင်းမှုနှင့် စံကွက်ရိတ်သိမ်းနည်းစနစ်များအားလည်းကောင်း၊ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ထွေးဝင်းက အရွက်အရောင်တိုင်းကတ်(LCC)အသုံးပြု၍ နိုက်ထရိုဂျင်အာဟာရဓာတ်လိုအပ်ချက်တိုင်းတာမှုများအားလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ဖြူဇာဝင်းက စပါးသီးနှံအာဟာရဓာတ်ချို့တဲ့မှုနှင့် အဆိပ်သင့်မှုလက္ခဏာဆိုင်ရာနည်းပညာများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးပို့ချပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါနည်းပညာပေးသင်တန်းသို့ ကသာခရိုင်၊ ယင်းမာပင်ခရိုင်နှင့် မုံရွာခရိုင်/မြို့နယ်များမှ ဝန်ထမ်းများစုစုပေါင်း ၅၅ ဦး တက်ရောက်ပြီး သိလိုသည့်မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

(၄၀၉)

## မြန်မာသွေးချင်းတို့ရေ

❖ ပန်းပေါင်းစုံ
ပွင့်လန်းကုန် ဥယျာဉ်အလား။
စည်ပင်ကာ သာယာလှလို့
ချစ်စရာများ။

❖ ပန်းကိုယ်စီ
ရာသီညီ ပွင့်သည်အလား။
သာသနာရည် ရိုးရာဓလေ့ပွဲကို
နွဲပျော်ကြအများ။

❖ ချောင်း မြောင်းရယ်
မြစ် ပင်လယ် တောတောင်အများ။
ပေါ်များကြွယ် သယံဇာတနဲ့
ဖိုးတန်လှသား။

❖ လမ်းအသွယ်သွယ်
ဝန်းရပ်နယ် ဆက်စပ်ထား။
ကူးလူးကာ ဆက်ဆံပြုလို့
ရင်းနှီးမှုများ။

❖ နည်း ထုံးအကြည်
စည်းလုံးညီ ပြည်သူများ။
ဥစ္စာအတူ စီးပွားတိုးလို့
ဖိုးထိုက်တန်သား။

❖ မြန်မာ့အလှထည်ဝါ
ကမ္ဘာမှာ ဝင့်ကြွား။
ဒို့တာဝန်အရေးသုံးပါး
လေးစားလို့ထား။ ။

**မောင်အောင်ဝေ(ညောင်ခြေထောက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၀-၂၀၂၅(သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သီချင်းလက်ဆောင်
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၂:၀၀ မြန်မာသံစဉ်ချိုနားဝင်
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၉။ ၁၅:၀၀ ဇာတ်လမ်းတို
၁၀။ ၁၆:၀၀ မျိုးချစ်တပ်မတော်
၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ**

## MWD Variety Channel

၂၄-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၃၀ | ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း |
| ၂။ | ၁၁:၃၅ | သောတဆင်စရာ တေးမြန်မာ |
| ၃။ | ၁၂:၅၀ | Recycle World |
| ၄။ | ၁၆:၂၀ | လူငယ်ရှေ့ရေး အတွေးကမ္ဘာ |

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

❒ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။

❒ ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၇-၁၀-၂၀၂၅)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။

❒ စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။


| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂˚c | / | ၃၅˚c |
| ရန်ကုန် | ၂၅˚c | / | ၃၄˚c |
| မန္တလေး | ၂၄˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

➤ ရှေ့ဖုံးမှအဆက်

ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာလ ၂၁ ရက်မှစ၍ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၄၃၆ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း



သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား ကျောင်းအပ်နှံခြင်းဆောင်ရွက်စဉ်။



သီပေါမြို့ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



သီပေါမြို့ ပြည်သူ့ဆေးရုံ၌ တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ဆေးရုံမှကျန်းမာရေးဝန်ထမ်းများက ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အသက် ၁၅ နှစ်အောက် ကလေးများအား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးစဉ်။

ကျောင်းသား၊ ကျောင်းသူ ၁၁၅၅ ဦးအထိ ရှိပြီဖြစ်ပြီး အဆိုပါကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။

၎င်းအပြင် သီပေါမြို့သို့ ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနကလည်း သီပေါမြို့၊ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့အား စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် သီပေါမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ယနေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၆ ဦး၊ စုစုပေါင်း၄၂ ဦးတို့အား တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက အဖျားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက် ကလေး ၃၅၀ ဦးတို့အား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းအပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


(၁၀၀)



သီပေါမြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။




● ကျောဖုံးမှအဆက်

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲရပ်ကွက်၊ အမှတ်(၁၈၈)ရှိ Secret Villa Private Resort ၌ Ibet 789 Online ဘောလုံးလောင်းကစား Website လုပ်ငန်း လုပ်ကိုင်နေသူများရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ Super Senior Agent ဖြစ်သူ ယဉ်မင်းလှိုင်နှင့် မာရီယာ(ခ)မီးလေး၊ Senior Agent ဖြစ်သူ ဝင်းပပအောင်တို့အပါအဝင်တရားခံ ၁၄ ဦးနှင့် လက်ကိုင်ဖုန်း ၂၃ လုံး၊ မော်တော်ယာဉ် ၃ စီးတို့အားလည်းကောင်း၊ အောက်တိုဘာလ ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၉၉)ရှိ The Lord စားသောက်ဆိုင်အနီး၌ Super Senior Agent ဖြစ်သူ ဖြိုးမင်းသူ(ခ)ရောင်နီ အပါအဝင် တရားခံ ၃ ဦးနှင့်အတူ လက်ကိုင်ဖုန်း ၅ လုံး၊ မော်တော်ယာဉ် ၃ စီးတို့အား လည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ထွက်ဆိုချက်အရ အောက်တိုဘာလ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၁)၊ ခေမာလမ်း၊ အမှတ်(၆၇၆)ရှိနေအိမ်၌



မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ်ဆောင်ရွက်နေသူ ယဉ်မင်းလှိုင် အပါအဝင် အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း ၁၄ ဦးကိုတွေ့ရစဉ်။



ရန်ကင်းမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ်ဆောင်ရွက်နေသူ ဖြိုးမင်းသူ(ခ)ရောင်နီ အပါအဝင် ၃ ဦးကို တွေ့ရစဉ်။

Ibet 789 Online လောင်းကစားလုပ်ငန်း လုပ်ကိုင်ရန် စည်းရုံးသိမ်းသွင်းခဲ့သည့် Super Senior Agent ဖြစ်သူ ဇင်မင်းအောင် (ခ) ဇင်ကြီးအပါအဝင် တရားခံ ၃ ဦးနှင့်အတူ လက်ကိုင်ဖုန်း ၇ လုံး၊ လက်တော့ပ် ၁ လုံး၊ မော်တော်ယာဉ် ၁ စီးတို့အားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေ မြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၄၀ လမ်း၊ ၅၃ လမ်းနှင့် ၅၄ လမ်းကြားရှိ Focus ဟိုတယ်၌ Super Senior Agent ဖြစ်သူ ပြည့်ဖြိုးအောင် (ခ)မင်းထက်၊ Agent ဖြစ်သူ မေမြတ်နိုးတို့နှင့်အတူ လက်ကိုင်ဖုန်း ၅ လုံး၊ လက်တော့ပ် ၁ လုံး၊ မော်တော်ယာဉ် ၁ စီးတို့အားလည်းကောင်း၊ အောက်တိုဘာလ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ Eleven Minimart ရှေ့၌ ခင်မောင်ဖြိုး(ခ) ဇော်ဝင်း အပါအဝင်တရားခံ ၅ ဦးနှင့်အတူ လက်ကိုင်ဖုန်း ၉ လုံး၊ Tablet ၂ လုံးတို့အား လည်းကောင်း ထပ်မံဖော်ထုတ်ဖမ်းဆီး ရမိခဲ့သည်။



ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ်ဆောင်ရွက်နေသူ ခင်မောင်ဖြိုး(ခ) ဇော်ဝင်းအပါအဝင် ၅ ဦးကို တွေ့ရစဉ်။



ပြင်ဦးလွင်မြို့၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစား လုပ်ငန်းတွင် Super Senior Agent အဖြစ်ဆောင်ရွက်နေသူ ဇင်မင်းအောင်(ခ) ဇင်ကြီးအပါအဝင် ၃ ဦးကို တွေ့ရစဉ်။

စိစစ်ဖော်ထုတ်ချက်များအရ ၎င်းတို့သည် Ibet 789 Online ဘောလုံးလောင်းကစား Website၊ 555 Mix ဘောလုံးလောင်းကစား Website၊ Moung 556 ဘောလုံးလောင်းကစား Website ၊ Batman 688 Slot လောင်းကစား Website ၊ Shan 234 ဖဲလောင်းကစား Website နှင့် 2D/3D လောင်းကစား Website စသည့် လောင်းကစားလုပ်ငန်းတို့တွင် ကော်မရှင်စား Agent များအဖြစ် အလုပ်လုပ်ကိုင်ခွင့် ရရှိရန် လျှောက်ထားရကြောင်း၊ Agent အဖြစ် လုပ်ကိုင်ခွင့်ရရှိပါက User များ ရရှိရန်အတွက် ၎င်းတို့၏သက်ဆိုင်ရာ လောင်းကစား Website များ၏ Facebook Group နှင့် Telegram Group တို့တွင် Viber ဖုန်းနံပါတ်များပါရှိသည့် သက်ဆိုင်ရာ လောင်းကစားကြော်ငြာပုံများအားကြော်ငြာ ပေးရကြောင်း၊ ၎င်းနောက် User များမှ Viber သို့ဆက်သွယ်လာသည့်အချိန်တွင် Agent များမှ လောင်းကစား Website များတွင် ဝင်ရောက်ဆော့ကစားနိုင်ရန် အကောင့်ဖွင့်လှစ်ပေးကြောင်း၊ Agent လုပ်ကိုင်နေစဉ် User များပိုမိုရှာဖွေနိုင်ပါက Senior Agent အဖြစ်သို့ ပြောင်းလဲလုပ်ကိုင်နိုင်ကြောင်း၊ Senior Agent လုပ်ကိုင်နေစဉ် ကော်မရှင်စား Agent များနှင့် User များပိုမိုရှာဖွေနိုင်ပါက Super Senior Agent အဖြစ်သို့ ပြောင်းလဲလုပ်ကိုင်နိုင်ကြောင်း စိစစ်သိရှိရသည်။

ဖမ်းဆီးရမိသူများ၏ထွက်ဆိုချက်များအရ Super Senior Agent များဖြစ်သူ ဇင်မင်းအောင် (ခ)ဇင်ကြီး၊ ဖြိုးမင်းသူ(ခ)ရောင်နီ၊ ပြည့်ဖြိုးအောင်(ခ)မင်းထက်၊ ယဉ်မင်းလှိုင်၊ မာရီယာနှင့် ခင်မောင်ဖြိုး (ခ)ဇော်ဝင်းတို့ ၆ ဦးမှ ချိတ်ဆက်ထားသည့် လောင်းကစား Website ရှိ Distributor Agent များထံမှ လောင်းကစားမှုပြုလုပ်နိုင်သည့် ယူနစ်များအားဝယ်ယူပြီး Senior Agent များဖြစ်သူ ဝင်းပပအောင်နှင့် သက်ဖြိုးနိုင်တို့ ၂ ဦးအပါအဝင်

စာမျက်နှာ ၁၂ သို့ ●

# အလုပ်သင်ဆရာဝန်များ ကြိုဆိုပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၃**

ဆေးတက္ကသိုလ်များ၏ အလုပ်သင်ဆရာဝန်လေ့ကျင့်သင်ကြားရေး ဆေးရုံကြီးများတွင် အောက်တိုဘာလ ၁ ရက်မှ စတင်ပြီး အလုပ်သင်ဆရာဝန်များအဖြစ် တာဝန်ထမ်းဆောင်နေသူ မောင်မယ်သစ်လွင်အလုပ်သင်ဆရာဝန်များ ကြိုဆိုပွဲအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ Semi-virtual စနစ်ဖြင့် ကျင်းပသည်။

ကြိုဆိုပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အလုပ်သင်ဆရာဝန်သင်တန်းကာလသည်သင်ယူတတ်မြောက်ထားသော ဆေးပညာရပ်ဆိုင်ရာ အသိပညာများကို လက်တွေ့ကျကျအသုံးချပြီး လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် အချိန်ကာလဖြစ်ကြောင်း၊ ထို့ပြင် အလုပ်သင်ဆရာဝန်များ မဖြစ်မနေတတ်မြောက်ထားရမည့် လက်တွေ့ကျွမ်းကျင်မှု (Procedural Skills) များကို မိမိတို့ဆရာ/ဆရာမများ၊ အတွေ့အကြုံရှိသော လုပ်ဖော်ကိုင်ဖက်များထံမှ စာတွေ့ရော၊ လက်တွေ့ (Hands on Training)ပါ သေချာစွာဆည်းပူးလေ့လာနိုင်မည့် ကာလလည်း ဖြစ်ကြောင်း။

အလုပ်သင်ဆရာဝန် ကာလပြီးဆုံးပါက ဆရာဝန်များအဖြစ် နိုင်ငံ့တာဝန်များကို ဆက်လက် ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် မိမိတို့၏ဆေးပညာပိုမိုတိုးတက်လာအောင် ဘွဲ့လွန်သင်တန်းများကို ဆက်လက်တက်ရောက်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့် (သစ်လွင်) ဆရာဝန်များအတွက် လုပ်သက်သတ်မှတ်ချက်မရှိဘဲ တက်ရောက်နိုင်သော ဘွဲ့လွန်သင်တန်း ၁၁ မျိုး အပါအဝင် ဘွဲ့လွန်သင်တန်း ၁၄၄ မျိုးကို ဖွင့်လှစ်ထားပြီး ပြည်တွင်းဘွဲ့လွန်သင်တန်းများသာမက ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များမှဘွဲ့လွန်သင်တန်းများကိုပါ တက်ရောက်ခွင့်ပြုထားကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီ၊ နာယက ပါမောက္ခဒေါက်တာခင်မောင်အေးက ဆေးပညာရပ်ဆိုင်ရာကျင့်ဝတ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကြိုဆိုပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆေးကောင်စီမှ နာယကကြီးများ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့၏ဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့အတူ ကြိုဆိုပွဲသို့ အလုပ်သင်ဆရာဝန်များက Virtual စနစ်ဖြင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ အလုပ်သင်ဆရာဝန် ၃၀၂ ဦး၊ ဆေးတက္ကသိုလ် မန္တလေးမှ အလုပ်သင်ဆရာဝန် ၂၈၁ ဦး၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်မှ ၃၃၄ ဦး၊ ဆေးတက္ကသိုလ် မကွေးမှ ၁၆၆ ဦး၊ ဆေးတက္ကသိုလ် တောင်ကြီးမှ ၁၀၄ဦး တက်ရောက်ကြပြီး In person စနစ်ဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ၅၃ ဦး စုစုပေါင်း ၁၂၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၃**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စိုးရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တစ်နိုင်ငံလုံးတွင်ရှိသည့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်ကို ဖန်တီးတည်ဆောက်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း၊ လူငယ်များသည် မိမိတို့၏တန်ဖိုးမဖြတ်နိုင်သည့် လက်ရှိလူငယ်ဘဝကိုတန်ဖိုးထားပြီး လမ်းမှားမရောက်အောင် မိမိကိုယ်ကို ထိန်းသိမ်းတည့်မတ်ရင်း ပညာပြည့်ဝနှလုံးလှသည့် လူတော်လူကောင်းများဖြစ်ရန် ယခုအချိန်ကတည်းက ကြိုးစားကြရန် လိုအပ်ကြောင်း၊ လူငယ်ဘဝကိုတန်ဖိုးထားပြီး ပညာကိုကြိုးစားသင်ယူကာ ကျောင်းပြင်ပပညာများဖြစ်သည့် နိုင်ငံတကာနှင့် ပတ်သက်သည့် အထွေထွေဗဟုသုတများ၊ အင်္ဂလိပ်စာ အပါအဝင် နိုင်ငံတကာ ဘာသာစကားများ၊ ခေတ်မီတိုးတက်လာသည့် IT နည်းပညာအပါအဝင် အခြားသောနည်းပညာများကို မျက်ခြည်မပြတ်လေ့လာတတ်ကျွမ်းအောင် ကြိုးစားကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်ရေးရာအသိပညာပေးဟောပြောသည့် စာရေးဆရာ ဒေါက်တာအောင်စိုးကို ဂုဏ်ပြုလက်ဆောင်နှင့်အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေအား ကျောင်းအုပ်ဆရာမကြီးထံပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် စာရေးဆရာ ဒေါက်တာအောင်စိုးက "လူငယ်နှင့် မိုဘိုင်းဖုန်းဂိမ်းအန္တရာယ်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး နေပြည်တော်လူငယ်ရေးရာတာဝန်ခံက ကျောင်းသား၊ ကျောင်းသူများကို ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းနှင့် ဆုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

● စာမျက်နှာ ၁၁ မှအဆက်

Senior Agent များအား ညှိနှိုင်းဈေးနှုန်းဖြင့် ပြန်လည်ရောင်းချကြောင်း၊ ထို့နောက် Senior Agent များမှ Master Agent များ၊ Agent များဖြစ်သူ သူရအောင်၊ သိန်းထိုက်အေး၊ မေမြတ်နိုး၊ အောင်မင်းခန့်၊ သိန်းထိုက်စံ၊ ကောင်းမြတ်သူ၊ ထက်ထက်နိုင်၊ ချမ်းမို့မို့ဖြိုး၊ ရတနာတိုးဝေနှင့် သဉ္ဇာငြိမ်းတို့ ၁၀ ဦး အပါအဝင် Agent များနှင့် လောင်းကစားမှုပြုလုပ်သည့် User များထံသို့ အဆင့်ဆင့် ငွေကြေးအမြတ်ယူ၍ ပြန်လည်ရောင်းချကြောင်း၊ ငွေလွှဲ/ငွေထုတ်ပြုလုပ်ခြင်းများအား မိုးဟိဏ်းထွန်း၊ ဇော်ထိုက်အောင်၊ ဟိန်းဇော်ဦး၊ စုပုံချစ်နှင့် မေသဇင်ထွန်း၊ အေးချမ်းအောင်၊ လျှံဖုန်းပိုင်၊ ဟိန်းသီဟ (ခ)ဂျိုကာနှင့် ငြိမ်းချမ်းမင်းတို့ ၉ ဦး အပါအဝင် ငွေလွှဲ/ငွေထုတ်ပြုလုပ်သူများမှ KBZ Special Account ၊ KBZ Bank Account ၊ AYA Bank Account ၊ YOMA Bank Account ၊ CB Bank Account ၊ UAB Bank Account ၊ A Bank Account ၊ AYA Pay Account ၊ Kpay Account နှင့် Wavepay Account များ အသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသည်။

ဖြစ်စဉ်တွင် Online လောင်းကစားလုပ်ငန်းလုပ်ကိုင်သူ တရားခံ အမျိုးသား ၁၇ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၇ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ လက်ကိုင်ဖုန်း ၄၉ လုံး၊ လက်တော့ပ် ၂ လုံး၊ Tablet ၂ လုံး၊ မော်တော်ယာဉ် ၈ စီးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် ထိရောက်စွာ အမှုဖွင့်လှစ်အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများ အနေဖြင့် ထိုကဲ့သို့ Online လောင်းကစားလုပ်ငန်းပြုလုပ်နေသူများအားသိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ပါရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)



မန္တလေးမြို့၌ ဖမ်းဆီးရမိခဲ့သည့် Online လောင်းကစားလုပ်ငန်းတွင် Super Senior Agent အဖြစ်ဆောင်ရွက်နေသူ ပြည့်ဖြိုးအောင်(ခ) မင်းထက်နှင့် မေမြတ်နိုးတို့ကို တွေ့ရစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မိုး/ဇလ)**

# သတိပြုရှောင်ရှား အဂတိတရားလေးပါး

လင်းလက်

**အဂတိလိုက်စားခြင်းအစ**

“အဂတိ” ဆိုသည်မှာ “ဘက်လိုက်ခြင်း”၊ “အဂတိလိုက်စားခြင်း” ဆိုသည်မှာ “မတရားသဖြင့် ဘက်လိုက်ခြင်း” ဟု မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကိုတွေ့ရသည်။ “ဘက်လိုက်သည်” ဆိုသည်မှာ တစ်ဖက်ဖက်ကို ဆန္ဒစွဲဖြင့် အလေးပေးခြင်းဖြစ်သည်။ အဂတိလိုက်စားခြင်းဆိုသည်မှာ မိမိဆန္ဒကြောင့်ဖြစ်ပေါ်လာသည့် မှားယွင်းသောဆုံးဖြတ်ချက်ချမှတ်ခြင်းဟုဆိုနိုင်သည်။ လူတိုင်းသည် တရားမျှတမှုကို လိုလားတောင့်တကြသဖြင့် အခြားတစ်ဖက်သို့ ဘက်လိုက်ဆုံးဖြတ်ခြင်းကို နှစ်သက်ကြမည်မဟုတ်ပေ။ မိမိ၏ကိုယ်ကျိုးစီးပွား ဆုံးရှုံးနစ်နာမှုကို ဖြစ်ပေါ်စေသည့်အရာများကို လူသားတိုင်းက လူ့မှုပတ်ဝန်းကျင်တွင် မတွေ့မမြင်လိုကြသဖြင့် “အဂတိလိုက်စားမှု”ဆိုသည့်အရာသည်လူသားတိုင်းက ရွံ့ရှာမုန်းတီးသည့်အရာတစ်ခုပင်ဖြစ်ပေသည်။

ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခွင့်ရလိုက်သည့် အခိုက်အတန့်တွင် သမာသမတ်ကျစွာတွေးတောဆင်ခြင်၍ မှန်ကန်တည့်မတ်သည့် ဆုံးဖြတ်ချက်ကို ချရမည်ဖြစ်သည်။ ထိုအချိန်တွင် စိတ်ခံစားချက်အရဖြစ်ပေါ်သည့် “ချစ်ခြင်း၊ မုန်းခြင်း” တို့ ဝင်ရောက်လာမှုကို ဦးနှောက်ကတားမြစ်ထားဖို့လိုသည်။ ရင်တွင်းခံစားချက်များကို တွန်းလှန်တိုက်ဖျက်နိုင်သည့် စိတ်ဓာတ်အခံမရှိသည့်အခါ ဖြစ်ရပ်မှန်များကို မေ့လျော့သွားပြီး မိမိစိတ်အလိုကျ ဘက်လိုက်ဆုံးဖြတ်ဆောင်ရွက်မိကြသည်။ သမာသမတ်ကျစွာ ဆုံးဖြတ်ဆောင်ရွက်လေ့ရှိသူများဖြစ်လင့်ကစား လောဘတရားတို့ကို ထိန်းချုပ်နိုင်ဖို့ကလည်း အရေးကြီးပြန်သည်။ လောဘတရားကို ထိန်းချုပ်နိုင်ခြင်းမရှိသည့်အခါ မိမိ၏ဆုံးဖြတ်ချက်များကလည်း ယိုင်နဲ့သွားရတတ်သည်။ “ဥစ္စာပစ္စည်း၊ ငွေကြေး၊ အခွင့်အရေး” စသည့် “တံစိုးလက်ဆောင်များ” ဖြင့် မြှူဆွယ်ဖြားယောင်းခြင်းခံရသူများသည်လည်း မှန်ကန်တည့်မတ်သောဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန်မဖြစ်နိုင်ပေ။ တံစိုးလက်ဆောင်ပေးသူအလိုကျ ဘက်လိုက်ဆုံးဖြတ်မိတတ်ကြသဖြင့် အဂတိလိုက်စားမှုဆိုသောအရာသည်ကလည်း ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ စိတ်အခံသည် အမှန်တရားအတွက်သာရပ်တည်တတ်ပြီး လောဘကင်းရှင်းသူမှသာ အဂတိလိုက်စားမှု၏စက်ကွင်းမှ ရုန်းထွက်နိုင်မည်ဖြစ်သည်။

**အကျိုးစီးပွား ဆုတ်ယုတ်စေ**

အဂတိလိုက်စားကာ ဘက်လိုက်ဆုံးဖြတ်လိုက်မည်ဆိုပါက တစ်စုံတစ်ဦးကနစ်နာရမည်မှာ မလွဲဧကန်အမှန်ပင်ဖြစ်သည်။ မိမိဆုံးဖြတ်ရမည့် ဆုံးဖြတ်ချက်သည် မိမိ၏လက်ရှိအနေအထားပေါ်တွင်မူတည်၍ လူတစ်ဦးမက မိသားတစ်စု၊ ထို့ထက်ပို၍ အဖွဲ့အစည်းတစ်ခုမှသည် လူ့မှုပတ်ဝန်းကျင်တစ်ခုလုံး၏ အကျိုးစီးပွားဆုတ်ယုတ်စေသည်ကို သတိပြုမိကြဖို့လိုသည်။ လူတစ်ဦးနှင့်တစ်ဦး သာမန်ဖြစ်ပွားသည့် မသင့်မြတ်မှုတစ်ခုကို “အမှန်ကိုအမှား” “အမှားကိုအမှန်” ကပြောင်းကပြန် ဘက်လိုက်ဆုံးဖြတ်မိသည်ဆိုပါက အမှန်လုပ်သူကနစ်နာသကဲ့သို့ အမှားလုပ်သူကလည်း ထိုအမှားများကို ထပ်တလဲလဲကျူးလွန်မိခြင်းဖြင့် လူ့မှုပတ်ဝန်းကျင်တွင် အမှားများနှင့်သာ ပြည့်နှက်နေမည်ဖြစ်သည်။ မိမိအပေါ်တွင်လည်း ပတ်ဝန်းကျင်က ယုံကြည်မှုကျဆင်းသွားမည်သာဖြစ်သည်။

လူ့မှုပတ်ဝန်းကျင်တွင် အသေးအဖွဲမှသည် ကြီးမားလေးနက်ပြီး လူသားဘဝနှင့်လူ့မှုပတ်ဝန်းကျင်အကျိုးအတွက် ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်ရသူများရှိသည်။ ရင်တွင်းဆန္ဒနှင့်လောဘတို့ကို ထိန်းချုပ်နိုင်စွမ်းအားနည်းသွားသူတို့၏ လက်အတွင်းသို့ လုပ်ပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့်များရောက်ရှိသွားမည်ဆိုပါက လူ့မှုပတ်ဝန်းကျင် ငါးပါးမှောက်ဖို့သာရှိသည်။ လူ့မှုပတ်ဝန်းကျင်အကျိုးအတွက် အသုံးပြုရမည့် အရင်းအမြစ်များခွဲဝေချထားခြင်းက အစပြု၍ ဘဏ္ဍာရန်ပုံငွေများ ခွဲဝေသုံးစွဲခြင်းတို့အထိ အဂတိလိုက်စားမှုဆိုသည့် ဘက်လိုက်မှုများမရှိဖို့လိုသည်။ အရင်းအမြစ်များက လိုရာမရောက်သည့်အခါတွင် လူ့မှုစီးပွားဘဝများ နောက်ကောက်ကျကျန်ခဲ့ရမည်ဖြစ်သည်။ လိုအပ်သော ဘဏ္ဍာရန်ပုံငွေများ၊ အရင်းအမြစ်များမရရှိသည့်အခါ လူ့မှုပတ်ဝန်းကျင်တွင် သာယာလှပမှုနှင့် တိုးတက်မှုများ ပျောက်ကွယ်သွားမည်သာဖြစ်သည်။

> ❖ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့် သေးငယ်သည့် အဂတိလိုက်စားမှုများကအစပြု၍ နိုင်ငံအဆင့် အဂတိလိုက်စားမှုများကိုရှောင်ရှားနိုင်ရေး ကြိုးစားကြရမည်မှာ လူသားတိုင်း၏တာဝန်ပင်ဖြစ်သည်။ ကိုယ်တိုင်က ဆုံးဖြတ်ချက်ကိုချမှတ်ရသည့်ဘဝတွင် ရောက်ရှိနေသည်ဆိုပါက မှန်ကန်မျှတသည့် ဆုံးဖြတ်ချက်များကို ဘက်လိုက်မှုကင်းကင်းဖြင့် ဆောင်ရွက်ရဲဖို့လိုမည်ဖြစ် . . .

**ဂီဟိဝိနယ လိုက်နာကြဖို့လို**

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ်အခါက ရာဇဂြိုဟ်ပြည်မှ သိင်္ဂါလ သတို့သားအား လူသားဘဝကျင်လည်ရာ၌ လိုက်နာရမည့်ဂီဟိဝိနယဆိုသည့် လူ့ဝတ်နည်းကျင့်ဝတ်များကို ဟောကြားဆုံးမခဲ့သည်။ လူသားတစ်ဦးအနေဖြင့် ကောင်းမှု၊ မကောင်းမှုများကို ခွဲခြားတတ်ပြီး ကောင်းမှုကုသိုလ်များဖြင့်သာ ဘဝကို ဆက်လက်အသက်ရှင်သန်နိုင်ကြဖို့လိုသည်၊ ကောင်းမှုတို့ကို အစဉ်တစိုက်ပြုလုပ်ကြရမည်ဖြစ်သကဲ့သို့ မကောင်းမှုတို့ကို ဖြစ်ပေါ်စေသည့် အကြောင်းတရားများကိုလည်း သိရှိရှောင်ရှားတတ်ရမည်ဖြစ်သည်။

လူတို့၏စိတ်အစဉ်ကို ညစ်ညူးစေပြီး ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုများကို အမှားမှားအယွင်းယွင်းဖြစ်စေသည့် အကြောင်းတရားများစွာရှိသည်။ ထိုအကြောင်းတရားများအနက် လူတို့၏ဆုံးဖြတ်ချက်၊ လုပ်ကိုင်ဆောင်ရွက်ချက်များကို ကမောက်ကမဖြစ်စေကြပြီး ဘဝပျက်စေသည်အထိဖြစ်တတ်သည့် အဓိကအကြောင်းတရားလေးပါးရှိသည်။ “ချစ်ခြင်း၊ မုန်းခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အမှားအမှန်မသိတွေဝေမိခြင်း” ဆိုသည့်အရာတို့သည် လူသားဘဝ မကင်းနိုင်ကြသည့်အရာများဖြစ်သော်လည်း ထိုအရာများကို အသိစိတ်ဖြင့် ထိန်းချုပ်နိုင်ဖို့လိုသည်။ ထိုသို့မဟုတ်သည့်အခါ “ဆန္ဒာဂတိ–ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊ ဒေါသာဂတိ – စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊ဘယာဂတိ – ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊ မောဟာဂတိ – ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့် ဘက်သို့လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း”ဆိုသည့် အဂတိတရားလေးပါးကို လိုက်စားမိတတ်သည်။ အဂတိတရားလေးပါးသည် လူသားတို့ပြုလုပ်မိသမျှသောအရာများကို အမှန်တရားမှဝေးကွာသွားစေတတ်သဖြင့် သတိပြုဆင်ခြင်ကြမည်ဆိုပါက ဘဝတွင် အစစအရာရာတိုးတက်လာမည်ဟု မြတ်စွာဘုရားရှင်ကဟောကြားခဲ့သည်။

**ထာဝရရှောင်ကြပါစို့**

လူသားတိုင်း ဘဝတွင် ပျော်ရွှင်ချမ်းမြေ့စွာနေလိုကြပြီး ဘက်လိုက်မှုကင်းသည့် လူ့မှုပတ်ဝန်းကျင်တွင်သာ ရှင်သန်လိုကြသည်။ အမှန်တရားကို လူသားတိုင်းက ချစ်မြတ်နိုးကြသဖြင့် အဂတိလိုက်စားခြင်းဆိုသည့် ဘက်လိုက်ခြင်းအကြောင်းတရားများကို လူသားတို့က မည်သည့်နည်းနှင့်မျှ လက်ခံကြလိမ့်မည်မဟုတ်ပေ။ အရာရာတွင် “ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ မှန်ကန်မျှတမှု၊ ဘက်လိုက်ခြင်းကင်းမှု” စသည့် စံနှုန်းများဖြင့် ဆုံးဖြတ်ဆောင်ရွက်သည်ကိုသာမြင်လိုကြသည်၊ “ဘက်လိုက်ခြင်း” ဆိုသည့် အရာကိုမူ မစင်ကဲ့သို့ ရွံရှာတတ်ကြသဖြင့် အဂတိလိုက်စားကာ ဘက်လိုက်ဆုံးဖြတ် ဆောင်ရွက်တတ်သူများအဖို့ လူ့မှုပတ်ဝန်းကျင်တွင် ကျင်လည်စရာနေရာရှိနိုင်မည်မဟုတ်ပေ။

လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်လာသည်မှာ သဘာဝပင်ဖြစ်သည်။ ထို့အတူပင် အဂတိတရားလေးပါးကိုလိုက်စား၍ ဘက်လိုက်ဆုံးဖြတ်ခြင်းဆိုသည့် ဘဝအမှားများကို ကျူးလွန်မိကြသူတို့သည် ရှာဖွေစုဆောင်းထားသော စည်းစိမ်ဥစ္စာ၊ ရရှိထားသော အခြံအရံကျော်စောခြင်း၊ ရာထူးဂုဏ်ထူးနှင့် လုပ်ပိုင်ခွင့်တို့သည်လည်း တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်လာမည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ ရှိရင်းစွဲဘဝ၏တိုးတက်မှုများသည်ပင် ပျောက်ကွယ်သွားအောင် စွမ်းဆောင်သွားနိုင်သည့် အဂတိတရားလေးပါးကို ထာဝရရှောင်ရှားကြဖို့လိုသည်။ အဂတိလိုက်စားမှုဆိုသည့်အရာကို မည်သည့်ဘာသာ၊ မည်သည့်လူမျိုး၊ မည်သည့်နိုင်ငံကမျှ လက်သင့်မခံကြပေ။ အဂတိလိုက်စား၍ ဘဝအမှားများကို ထပ်တလဲလဲကျူးလွန်နေကြသူများအဖို့ လူ့မှုပတ်ဝန်းကျင်တွင် လူဝင်ဆံ့၍ လူတောတိုးရန် မဖြစ်နိုင်တော့ပေ။

**ဘယ်လိုရှောင်ကြမလဲ**

ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့် သေးငယ်သည့် အဂတိလိုက်စားမှုများကအစပြု၍ နိုင်ငံအဆင့် အဂတိလိုက်စားမှုများကိုရှောင်ရှားနိုင်ရေး ကြိုးစားကြရမည်မှာ လူသားတိုင်း၏တာဝန်ပင်ဖြစ်သည်။ ကိုယ်တိုင်က ဆုံးဖြတ်ချက်ကိုချမှတ်ရသည့်ဘဝတွင် ရောက်ရှိနေသည်ဆိုပါက မှန်ကန်မျှတသည့် ဆုံးဖြတ်ချက်များကို ဘက်လိုက်မှုကင်းကင်းဖြင့် ဆောင်ရွက်ရဲဖို့လိုမည်ဖြစ်သည်။ ပညာရည်ပြည့်ဝ၍ အသိဉာဏ်နှင့် ဆင်ခြင်တုံတရား အားကောင်းသူများအဖို့ မည်သည့်အကြောင်းပြချက်နှင့်မျှ ဘက်လိုက်ဆုံးဖြတ်လိမ့်မည်မဟုတ်ပေ။ ကိုယ်တိုင်က သက်ဆိုင်ရာနယ်ပယ်တွင် ပညာပြည့်ဝ၍နှလုံးလှသူများဖြစ်အောင် ကြိုးစားသင့်သည်။ ရင်တွင်းဆန္ဒတို့က အဂတိလိုက်စားမှုကိုဖြစ်စေပါသည်ဆိုပါလျှင် ထိုဆန္ဒတို့ကို မိမိ၏ဂုဏ်သိက္ခာဖြင့် ကြိုးစားထိန်းချုပ်ကြဖို့လိုသည်။ လူတိုင်းချမ်းသာလိုကြသဖြင့် “တံစိုးလက်ဆောင်” ကဲ့သို့သောအရာများကို လက်ခံဆောင်ရွက်လိုသည့် လောဘတို့ကိုလည်း တင်းတိမ်ရောင့်ရဲခြင်းဖြင့် ထိန်းချုပ်ထားဖို့လိုမည်သာဖြစ်သည်။

မိမိကိုယ်တိုင်က မှန်ကန်မျှတစွာဆောင်ရွက်လိုပြီး အမှန်တရားမြတ်နိုးသူဖြစ်နေသော်လည်း လူ့မှုပတ်ဝန်းကျင်တွင် အမှန်တရား၏ဆန့်ကျင်ဘက်ဖြစ်သည့် ဘက်လိုက်မှုဆိုသည့် အဂတိလိုက်စားမှုများကင်းစင်၍နေမည်မဟုတ်ပေ။ မကောင်းမှုကိုရှောင်ရှားနိုင်စွမ်းကင်းမဲ့ကြပြီး မကောင်းမှု အဆိုးသံသရာတွင် မှားယွင်းစွာကျင်လည်ကြသူများလည်း လူ့မှုပတ်ဝန်းကျင်တွင် ရှိနေတတ်သည်။ ထိုသူများကိုလည်း လမ်းမှန်ပြ၍ ကောင်းမှုမြတ်နိုးသူများဖြစ်အောင် ကြိုးစားကြဖို့လိုသည်။ အဂတိလိုက်စား၍ ဘက်လိုက်ဆုံးဖြတ်ခြင်းကို ထပ်တလဲလဲကျူးလွန်၍ လူ့မှုပတ်ဝန်းကျင်အတွက် အသုံးမဝင်တော့သည့်သူများ ဖြစ်မှန်းမသိ ဖြစ်နေသူများကိုတွေ့သည့်အခါ အမှန်တရားဘက်တော်သားများအဖြစ် ရပ်တည်ဖော်ထုတ်သွားဖို့လည်းလိုသည်။ အမှန်တရားကို ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီ အရေးယူတတ်သည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမှားသံသရာအတွင်းမှ အဂတိလိုက်စားမှုကျေးကျွန်များကို ရှာဖွေဖော်ထုတ်သွားကြရန်လိုသည်။

**ကိုယ်ကျင့်သီလ စင်ကြယ်ကြပါစေ**

ကိုယ်ကျင့်သီလအရာတွင် လူတကာက စံနမူနာပြုရသည့်ဘဝတွင်ရပ်တည်ကြပြီး လူသားအားလုံးက ထာဝရဂုဏ်ပြုရသူများသည် ဘဝတစ်လျှောက်လုံးတွင် အမှန်တရားကို လေးစားတန်ဖိုးထားတတ်သူများဖြစ်နေသည်ကို တွေ့ရသည်၊ မည်သည့်အကြောင်းနှင့်မျှ သူတစ်ပါးကို ထိခိုက်နစ်နာစေသည့်အရာများကို မပြုလုပ်ကြပေ။ လူ့မှုပတ်ဝန်းကျင်တစ်ခုလုံးကို အရုပ်ဆိုး အကျည်းတန်စေသည့် အဂတိလိုက်စားမှုများကိုလည်း စိတ်ကူးနှင့်မျှကျူးလွန်ကြသူများမဟုတ်ပေ။ မှန်ကန်မျှတစွာ ဆောင်ရွက်လိုစိတ်ရှိသူများ၏ စိတ်အစဉ်သည် ထာဝရကြည်လင်လန်းဆန်းနေပြီး ထိုစိတ်တို့ကို ညစ်ညူးစေသည့်အကြောင်းတရားများကို ထာဝရရှောင်ရှားကြသည်။

မိမိ သူတစ်ပါး နှစ်ဦးစလုံးအတွက် အကျိုးကျေးဇူးဖြစ်နိုင်စွမ်းမရှိသည့် အဂတိတရားလေးပါးသည် ယနေ့အချိန်ထိ လူသားများနှင့် လူ့မှုပတ်ဝန်းကျင်ကို အတိဒုက္ခများ ဖြစ်ပေါ်စေလျက်ရှိသည်။ အဂတိတရားလေးပါးမလိုက်စားသူသည် လဆန်းသောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား ထွန်းလင်းတောက်ပလာသကဲ့သို့ စည်းစိမ်ဥစ္စာ၊ အခြံအရံနှင့်ကျော်စောမှုအပေါင်းတို့သည် တစ်နေ့တခြားတိုးပွားလာနိုင်မည်ဖြစ်သဖြင့် အဂတိတရားလေးပါးကို အစဉ်ထာဝရရှောင်ရှားကြခြင်းဖြင့် ဘဝအမှားဘက်လိုက်မှုများမှ ကင်းဝေးကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။ ။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကြည့်ရှုလေ့လာ



နေပြည်တော် အောက်တိုဘာ ၂၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စအန်နာဆာဂျီယဲဗ်နာ့ ဗင်နီကောဗာနှင့်အဖွဲ့သည် ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုသို့ ကြည့်ရှုလေ့လာစဉ် ဒုတိယဝန်ကြီးနှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှတာဝန်ရှိသူများက အတူလိုက်ပါ၍ ရှင်းလင်းပြသကြသည်။

ဦးစွာ ပုဂံမြို့ဟောင်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်သို့ ရောက်ရှိရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးက ပြတိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းလေ့လာကြသည်။

ထို့နောက် ပုဂံမြို့ဟောင်းရှိ အာနန္ဒာဘုရားကြီး၏အနုလက်ရာများ၊ မြင်းကပါကျေးရွာရှိမြစေတီဘုရား၊ ရွှေစည်းခုံစေတီတော်ကြီး၊ ရာဇကုမာရ်ကျောက်စာ၊ မြင်းကပါ ဂူပြောက်ကြီးဘုရားအတွင်းရှိ နံရံဆေးရေးပန်းချီများနှင့် နန်းမြင့်မျှော်စင်တို့ကို စိတ်ဝင်တစားသွားရောက်လေ့လာကြသည်။

ယင်းနောက် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းယွန်းထည်လုပ်ငန်းနှင့်ယွန်းအရောင်းဆိုင်ရှိ မြန်မာ့ရိုးရာ ယွန်းလက်မှုပစ္စည်းများကို ကြည့်ရှုလေ့လာကြပြီး ထီးလိုမင်းလိုဘုရား၌ ပုဂံဒေသ နေဝင်ဆည်းဆာအလှကိုကြည့်ရှုကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကြကြောင်း သိရသည်။

မြဝတီ

# ခွေးရူးရောဂါကာကွယ်ဆေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၃

ခွေးရူးရောဂါကာကွယ်ဆေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာဒုတိယဝန်ကြီးက ခွေးရူးရောဂါသည် လူနှင့်တိရစ္ဆာန်နှစ်ဖက်လုံးအတွက် အလွန်အန္တရာယ်ရှိကြောင်း၊ WHO အစီရင်ခံစာအရ နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၅၉၀၀၀ ခန့် အသက်ဆုံးရှုံးနေပြီး ၉၉ ရာခိုင်နှုန်းမှာ ခွေးများမှကူးစက်ကြောင်း၊ ခွေးရူးရောဂါ ကာကွယ်ဆေးကို ၁၉၅၆ ခုနှစ်မှ စတင်၍ P.V. 10 strain ဗိုင်းရပ်စ်အမျိုးအစားကိုသိုး၏ဦးနှောက်တွင် ထိုးနှံ၍ပွားများစေပြီး အားပျော့စေကာ ကြက်ဥသန္ဓေသားတွင်အားဖျော့ထားသော ဗိုင်းရပ်အမျိုးအစား Flury, Low Egg Passage Strain ကိုပေါက်ပွားစေပြီး သန္ဓေသားလောင်းကို အမှုန့်ကြိတ်၍အခြောက်ခံထားသောဆေးကို အသုံးပြုခဲ့ကြောင်း၊ ထိုသို့ထုတ်လုပ်ရာတွင်ခွေးရူးရောဂါပိုးသည် လူကိုကူးစက်စေနိုင်သည့်အပြင် အန္တရာယ်ဖြစ်နိုင်ခြေမြင့်မားခြင်း၊ ကာကွယ်ဆေးထုတ်လုပ်သူများ၏ အာရုံကြောဆိုင်ရာ ကျန်းမာရေးထိခိုက်မှုရှိနိုင်သဖြင့် ဆေးထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ရကြောင်း။

ပြည်တွင်း၌ ခွေးရူးရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ပါက ပြည်ပမှတင်သွင်းရမှု လျော့နည်းစေမည်ဖြစ်ပြီး ဆေးလိုအပ်ချိန်တွင် အချိန်မီပံ့ပိုးနိုင်မည်ဖြစ်ကြောင်း၊ ခွေးရူးရောဂါကာကွယ်ဆေးစမ်းသပ်ထုတ်လုပ်ရာတွင်ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) က သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရန်နှင့် ကာကွယ်ဆေးထုတ်လုပ်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း ထည့်သွင်းစီမံရန်ဖြစ်ကြောင်း၊ ခွေးရူးရောဂါကာကွယ်ဆေးသည် လူ့အသက်ပေါင်းများစွာ ကယ်တင်ပေးနိုင်သည့်အရေးပါဆုံးလုပ်ငန်းဖြစ်သည်နှင့်အညီ ခွေးရူးရောဂါကာကွယ်ဆေးထုတ်လုပ်ရာ၌ လိုအပ်သည့်နည်းပညာပိုင်းဆိုင်ရာများ၊ အားသာချက်၊ အားနည်းချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန်မှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ခွေးရူးရောဂါကာကွယ်ဆေးထုတ်လုပ်ခဲ့မှု အခြေအနေနှင့်ခွေးရူးရောဂါကာကွယ်ဆေးအရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသည့် ပညာရှင်များ၊ ကုမ္ပဏီများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက်ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ (VMS)(နေပြည်တော်) သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေး ငါးသယံဇာတမျိုးစိတ်များထိန်းသိမ်းရေး၊ တရားမဝင်ငါးဖမ်းဆီးမှုများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့အတူ နို့စားနွားသရုပ်ပြနှင့်မျိုးဖြန့်ဖြူးရေးခြံ (နေပြည်တော်) တွင် နို့စားနွားများ မွေးမြူထားရှိမှုနှင့် ဒိန်ချဉ်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နို့စားနွားမွေးမြူရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ပြည်သူ့ဆေးရုံအား ပြန်လည်ဖွင့်လှစ်၍ ကုသမှုများဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် အောက်တိုဘာ ၂၃

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှုတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့ ပြည်သူ့ဆေးရုံကို နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပြီး သီပေါမြို့ပေါ်နှင့်အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့်ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်လျက်ရှိသည်။

သီပေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် သီပေါမြို့ပေါ်နှင့်အနီးတစ်ဝိုက်ရှိကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့်ဆောင်ရွက်ရန်အတွက် အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အသက် ၁၅ နှစ်အောက်ကလေးများအား အထူးအစီအစဉ် (Special Immunization Activities) ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သီပေါမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် ပဏာမကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် ကျောင်းနေအရွယ် အသက် ၁၅ နှစ်အောက် ကလေးငယ် ၃၅၀ ကို လိုအပ်သောကာကွယ်ဆေးများထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည်။

မြဝတီ

# ပေါင်းတည်၌ အောင်နိုင်တိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

ပေါင်းတည် အောက်တိုဘာ ၂၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ်အတွင်း တောင်သူများစိုက်ပျိုးထားသည့် မိုးသီးနှံ အောင်နိုင်တိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ထိုစိုက်ခင်းများကို မကြာမီ ရိတ်သိမ်းနိုင်တော့မည်ဖြစ်ကြောင်းသိရပြီး ယခင်နှစ်ကအထွက်ကောင်းခဲ့သည်ကိုသိရှိ၍ ယခုနှစ်တွင် စိုက်ပျိုးသူ တောင်သူများပြားလာကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား မျိုးစေ့ထုတ်စံပြကွက်များ ထူထောင်ပေးခဲ့ပြီးနောက် ယခုနှစ်တွင် မြို့နယ်အတွင်း ပျံ့နှံ့စွာစိုက်ပျိုးလာခြင်းဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က မိုးစပါးရာသီနှင့် နွေစပါးရာသီများတွင် တောင်သူများ စမ်းသပ်စိုက်ပျိုးခဲ့ကြရာ ပန်းတိုင်အထွက်နှုန်းများကိုကျော်လွန်ကာ တစ်ဧက တင်း ၁၄၀ ဝန်းကျင်ရရှိခဲ့ကြပြီး တောင်သူများ အကျိုးအမြတ်များရရှိခဲ့ကြကြောင်း သိရသည်။

ရွှေသား(IPRD)

**နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်**

နေပြည်တော် အောက်တိုဘာ ၂၃

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာယာယီညှိနှိုင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၃

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ငလျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ ငလျင်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဦးစားပေးစီမံကိန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဆောင်ရွက်ဆဲလုပ်ငန်းအစီအစဉ်များအတွင်း ပေါင်းစည်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထောင်စုဝန်ကြီးရုံးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ UNRCO ရုံးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး လက်ခံတွေ့ဆုံပြီး ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် အစည်းအဝေးတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud De Baecque နှင့် ဥပဒေရေးရာညှိနှိုင်းရေးမှူး Ms. Samindika Dilani Elkaduwe တို့အား ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျီနီဗာကွန်ဗင်းရှင်းများအား ဥပဒေရေးရာဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)အဖွဲ့တို့ ပူးပေါင်း၍ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ဘာသာပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍ နည်းပညာနှင့်ဥပဒေပိုင်းဆိုင်ရာစိစစ်မှုများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံးနှင့် အခြားသက်ဆိုင်ရာဌာနများပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL)ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကျင်းပနိုင်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့်အတူ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဒုတိယစစ်ဥပဒေချုပ်၊ ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း)သည် ၂၀၂၅ မန္တလေးငလျင်ကြီးဖြစ်ပွားခဲ့သည့် အခြေအနေများ၊ လက်ရှိအခြေအနေများအရ မူအားဖြင့် ပြဋ္ဌာန်းရန်လိုအပ်သော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

မြဝတီ

## အပူပိုင်းမုန်တိုင်း“ဖန်ရှန်” တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်း

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ဖန်ရှန်”(FENGSHEN)သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ကာ ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကမ်းခြေဒေသများကို ဒါနန်းမြို့အနီးမှ ဖြတ်ကျော်ခဲ့ပြီး အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်းရပါသည်။ **(မိုး/ဇလ)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဝါစိုက်ပျိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မယ်ဇယ်ပင်စံပြကျေးရွာသို့သွားရောက်၍ စက်ချုပ်နည်းပညာသင်တန်း တက်ရောက်အောင်မြင်ခဲ့ပြီး တစ်နိုင်တစ်ပိုင်စက်ချုပ်လုပ်ငန်းလုပ်ကိုင်နေကြသည့်သင်တန်းသူများ၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လုပ်ငန်းအရင်းအနှီးရရှိရေးတို့အတွက် ထောက်ပံ့ပေးလျက်ရှိသော စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တစ်နိုင်တစ်ပိုင် စက်ချုပ်လုပ်ငန်းလုပ်ကိုင်လျက်ရှိသော သင်တန်းသူ ၅ ဦး၏ လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် တစ်ဦးလျှင် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကျပ် ၃ သိန်းစီ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသူစားရိပ်သာကို ကြည့်ရှုစစ်ဆေးပြီး ရက်ကန်းနှင့်အထည်အလိပ်ကျွမ်းကျင်သူ ၁ နှစ်သင်တန်း၊ လက်ရက်ကန်း ၆ လသင်တန်း တက်ရောက်နေကြသော သင်တန်းသူများအတွက် ဆန်၊ ဆီ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက်လေ့ကျင့်ပျိုးထောင်ရေးစင်တာတွင် ကျောင်းအုပ်ဆရာမကြီး၊ နည်းပြဆရာမများ၊ သင်တန်းသူများနှင့်တွေ့ဆုံအားပေးစကားပြောကြားကာ လက်ရက်ကန်း ၆ လသင်တန်းတက်ရောက်နေသည့် သင်တန်းသူများ၏ လက်တွေ့သင်ယူနေမှုများကို အားပေးကြည့်ရှုသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် မုန်ပင်ဆည်ကျေးရွာသို့သွားရောက်၍ ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း RBF ရန်ပုံငွေဖြင့် မွေးမြူရေးအစုအဖွဲ့ ၄ ဖွဲ့ စုဖွဲ့ကာ ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအရှည် ၃ မိုင် ၆ ဖာလုံအနက် ၂ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့ရောင်လမ်းမှ ပျော်ကုန်း-အုတ်ဖို ကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လိန်တောကျေးရွာအုပ်စု ကျောင်းရာကန်ကျေးရွာသို့ သွားရောက်၍ မိတ္ထီလာမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း ၅ သင်းနှင့် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁ သင်းမှ အသင်းသားတောင်သူများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်သစ်စစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူဒေါ်ကေသီကျော်၏ လယ်မြေ ၂ ဧကတွင် TBL-195 ချည်မျှင်ရှည်ဝါမျိုး စိုက်ပျိုးထားမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၃

စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ တာဝန်ထမ်းဆောင်ပြီးချိန်တွင် အလုပ်အကိုင်ရရှိရေးအတွက်ဖြစ်ကြောင်း၊ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်သူများဆိုသည်မှာ တပ်မတော်တွင် အမြဲတမ်းစစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တရားဝင်နုတ်ထွက်ခွင့်ရရှိခဲ့ကြသည့် ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ တပ်မတော်တွင်သတ်မှတ်ချက်နှင့်အညီ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ ဖြစ်ကြောင်း၊ အမြဲတမ်းစစ်မှုထမ်းများအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကွပ်ကဲမှုအောက် ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ယခုဤကော်မတီ ဖွဲ့စည်းပြီးနောက်ပိုင်းတွင်လည်း ပေါင်းစပ်ပြီးဆောင်ရွက်လျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လုပ်ငန်းတာဝန် ၈ ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လုပ်ငန်းကော်မတီ ၅ ခုကို ဖွဲ့စည်းထားရှိပြီး ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ကော်မတီ၏လုပ်ငန်းတာဝန်ပါအချက်များနှင့်အညီ စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်နေရာချထားမှုခံယူလိုသောအမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများကို အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စက်မှု၊ လက်မှု အတတ်ပညာများကို အဆင့်မီစွာတတ်မြောက်အောင် သင်ကြားလေ့ကျင့်ပေးရေး၊ သင်တန်းတက်ရောက် အောင်မြင်ပြီးသူများကို အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းမှ အသိအမှတ်ပြုလက်မှတ် (Certificate of Recognition) ထုတ်ပေးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်း အမျိုးအစားအလိုက် အသိအမှတ်ပြုလက်မှတ်များကို အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းများမှ အသိအမှတ်ပြု၍ အလုပ်နေရာခန့်ထားဆောင်ရွက်ပေးရေး၊ ပြန်လည်နေရာချထားမှုခံယူလိုသောအမြဲတမ်းစစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းများအား အလုပ်သမားဝန်ကြီးဌာနမှ ပြည်တွင်းအလုပ်သမားကတ်(Labour Card)ပြုလုပ်ထုတ်ပေးခြင်းနှင့် ပြည်ပအလုပ်အကိုင်ရရှိရန် ပြည်ပအလုပ်သမားကတ် (OWIC-Overseas Worker Identification Card) ထုတ်ပေးခြင်း၊ Agency များနှင့်ဆက်သွယ်၍ အလုပ်အကိုင်ရှာဖွေပေးခြင်းများကို အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တာဝန်ကျေပွန်စွာထမ်းဆောင်ပြီးသော ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတာဝန် မထမ်းဆောင်မီ ၎င်းတို့တာဝန်ထမ်းဆောင်ခဲ့သော အစိုးရဌာန၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် မူလအလုပ်အကိုင်၊ လုပ်ငန်းနေရာများအလိုက် ပြန်လည်ခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက်စီမံခန့်ခွဲမှုကော်မတီ၏လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကော်မတီဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# (၁၄)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၃

(၁၄)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ PARK-ROYAL Hotel ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဇော်ဆန်း ဦးဆောင်သော ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ မှုခင်းစုံစမ်းစစ်ဆေးရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဌာန၏ ညွှန်ကြားရေးမှူး Mr. Wang Yong Can ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဖြစ်ပွားလျက်ရှိသည့် လူကုန်ကူးမှုများ စုံစမ်းဖော်ထုတ်ရေး၊ လူကုန်ကူးခံရသူများအား ကူညီကယ်တင်ရေးနှင့် အကာအကွယ်ပေးရေး၊ လူကုန်ကူးသူများကို ကူညီစုံစမ်းဖမ်းဆီးပေးရေးနှင့် အပြစ်ပေးအရေးယူရေး၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးရေးနှင့် သတင်းအချက်အလက်ဖလှယ်ရေး စသည့်လုပ်ငန်းစဉ်များကို ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုအခြေအနေများနှင့် ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးမှုများ စုံစမ်းဖော်ထုတ်ခြင်း၊ လူကုန်ကူးခံရသူများအား ကယ်တင်ခြင်းနှင့် ကျူးလွန်သူတရားခံများကိုဖမ်းဆီးခြင်းကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား သတင်းအချက်အလက်ဖလှယ်နိုင်ရေးကိစ္စရပ်များ၊ တရားမဝင် ဝင်/ထွက်သွားလာမှုများနှင့် နှစ်နိုင်ငံအကြား ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုများ လျော့နည်းကျဆင်းစေရေးကိစ္စရပ်တို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။



မြဝတီ

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များဆက်လက်ကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပဒုမ္မာအားကစားကွင်းနှင့် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း) တို့၌ ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ၃ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း (၁)ရှိ (စက်ဘီးကွင်း)၌ မွန်ပြည်နယ်အသင်းနှင့်ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်အဖြစ် အောက်တိုဘာလ ၂၅ ရက် မွန်းလွဲပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် လှိုင်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

# စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၃**

စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဦးတိုးရီ၊ စက်မှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ စက်ရုံမှူးများ၊ စိုက်ကွင်းစိုက်ခြံတာဝန်ခံများ၊ စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် တားဆီးကာကွယ်ရေးကဏ္ဍမှ အသိပညာပေးရေးလုပ်ငန်းများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ကဏ္ဍစုံ၊ ထောင့်စုံမှ ကျယ်ပြန့်စွာဆောင်ရွက်နေသည်ကိုသိရှိရကြောင်း၊ အဂတိလိုက်စားမှုတစ်ခုသည် တစ်ဦးချင်း တစ်ယောက်၏ အပြုအမူမှစတင်သော်လည်း အဖွဲ့အစည်းတစ်ခုလုံး၏ဂုဏ်သိက္ခာကို ဖျက်ဆီးနိုင်သဖြင့် စက်မှုကဏ္ဍတွင်ပါဝင်ဆောင်ရွက်နေသူများသည် ကိုယ်ကျင့်တရား၊ တာဝန်ခံမှု၊ သန့်ရှင်းမှုရှိရေးတို့ကို အမြဲလိုက်နာရန် လိုအပ်ကြောင်း။

တက်ရောက်လာကြသူများအနေဖြင့် ယခုဆွေးနွေးပွဲမှရရှိသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အသိအမြင်ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့်နိုင်ငံသားများ၏အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများမှာ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံးပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# အသက် ၁၀၂ နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**မြစ်ကြီးနား အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ တပ်သားဒေါင်းလွမ်း(အငြိမ်းစား)အား အသက် ၁၀၂ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ တပ်သားဒေါင်းလွမ်း (အငြိမ်းစား)ထံ ဂါရဝပြုထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

မြဝတီ




# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား သုံးပွင့်ဆိုင် MoU ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူးရုံး (UNRCO)၏ ညှိနှိုင်းချက်အရ ရခိုင်ပြည်နယ်မှ UN/INGO ဝန်ထမ်းများနှင့် မိသားစုများအား ရန်ကုန်မြို့တွင် ခေတ္တနေထိုင်ခွင့်ပြုထားမှု၊ လူဦးရေနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ကာလရှည်ကြာစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် UNFPA အပါအဝင် UN အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။ မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၃**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Ngaputaw Township supplies large volume of octopus to Yangon market

NGAPUTAW October 23

Local fishery entrepreneurs from Ngaputaw Township of Ayeyawady Region sold a large volume of octopus to Yangon market said Daw Swe Swe, the owner of fishery product trading commodity in Ngaputaw Township.

From Ngaputaw Township, about 75,000 viss of octopus were transported and sold to the Yangon market. The Yangon market has been actively purchasing octopus from the area.

"Seafood products from the region are being exported smoothly to the Yangon market, which is the main destination for our shipments. Last month alone, around 75,000 viss of octopus were delivered. Prices vary depending on freshness, size, and weight. Demand from Yangon remains strong. The seafood exported from here is also resold from the Yangon market to other domestic regions," said Daw Swe Swe.

Octopus exported from Ngaputaw Township has been priced at around Ks-27,000 per kilogram for long-arm octopus and Ks-24,500 per kilogram for short-arm octopus. With strong sales and exports of octopus and other seafood products, fishermen, traders, wholesale market owners, dealers, and truck operators are reportedly enjoying stable employment and business opportunities. **SMK**



# Kalay District to grow more than 6,000 acres of winter sesame in coming season

KALAY October 23

According to the district Agriculture Department, local authorities earmarked cultivation of more than 6,000 acres of winter sesame in Kalay District of Sagaing Region this year.

During the 2025–2026 winter crop season, plans have been set for the cultivation of winter sesame across 6,093 acres in Kalay District. By township allocation, 167 acres will be planted in Kalay Township, 1,027 acres in Kalewa Township, and 4,899 acres in Mingin Township.

"Kalay District has planned to grow more than 6,000 acres of winter sesame in the coming season. Efforts will be made to fully meet this target. Sesame cultivation has been gradually increasing year by year, with more farmers planting it in the winter. As an oil crop, sesame is currently in a strong position," said U Aung, Head of the District Department of Agriculture in Kalay.

This year, the Township Agriculture Departments in Kalay District will provide support to farmers who grew monsoon sesame, encouraging them to expand sesame cultivation. Guidance will be given on cultivation techniques, GAP (Good Agricultural Practices), the use of quality and pure seed varieties, and high-yield strains to improve production.

Crops grown under the GAP system are known to be of higher quality compared to those produced under other cultivation methods. They fetch better prices, and can be marketed not only domestically but also abroad. As a result, farmers practicing GAP are expected to benefit from improved profitability and enhanced socio-economic livelihoods. **SK**

# Businesspersons from Kyonpyaw Township send large volume of pigeon pea to Yangon market



KYONPYAW October 23

Traders from Kyonpyaw Township of Ayeyawady Region sold 45,000 bags of pigeon pea to Yangon market said Daw Win Htay, the owner of pulses and beans trading depot in Kyonpyaw Township.

From Kyonpyaw Township, about 45,000 bags of 24-basket pigeon peas were delivered and sold to the Yangon market during July, while the volume increased to around 45,000 bags in August. The stronger demand for pigeon peas is attributed to the active operations of domestic pulse businesses.

"At present, the market is seeing active sales of pigeon peas. Since they are being exported to foreign markets, trading has improved. Currently, pigeon peas are mainly in the hands of storage owners and big traders. Farm produce from Kyonpyaw Township is mainly sent to Yangon through local trading centers, and from Yangon it is re-exported to other markets. In August alone, up to 45,000 bags of 24-basket pigeon peas were transported and sold," said Daw Win Htay.

Local traders in Kyonpyaw Township are purchasing the pigeon peas and delivering them to the Yangon market, where a 24-basket bag of pigeon peas is priced at around Ks-117,000. **SMK**

# Budalin Township to plant over 4,000 acres of winter lablab beans

BUDALIN October 23

More than 4,000 acres of lablab beans will be planted in the next winter crops planting season in Budalin Township, Monywa District, Sagaing Region, according to the statistics from the Department of Agriculture for Budalin Township.

In the 2025-2026 winter crops planting season, 4,300 acres of lablab beans are planned to be planted in Budalin Township, and planting will begin from October this year until December, and preparations are underway to plant them.

"We will work to ensure that the target acres are planted. We will work with farmers to provide good quality seeds, inputs, and post-harvest technology to improve the yield and quality of lablab beans," said U Phyo Wai, head of the Department of Agriculture for Budalin Township.

The Township Agriculture Department will conduct awareness-raising activities to help farmers grow beans in Budalin Township to expand their acreages, improve yields, and cultivate good and high-yielding varieties using GAP methods.

**SK**

# Bamauk Township decides to grow more than 1,000 acres of sunflower this year

BAMAUK October 23

According to Katha District Agriculture Department, local authorities have adopted a plan to grow more than 1,000 acres of sunflower as cold season crops in Bamauk Township of Sagaing Region this year.

During the 2025–2026 winter crop season, a total of 1,335 acres of sunflower is planned for cultivation in Bamauk Township. At present, farmland is being ploughed in preparation for sunflower planting.



"In Bamauk Township this winter crop season, we have planned to cultivate more than 1,000 acres of sunflower. Efforts will be made to meet the target acreage. To reduce reliance on imported palm oil, expansion of oil crops such as sunflower will be carried out. Among oil crops, sunflower yields more oil per acre than groundnut and sesame. Sunflower is cultivated only in the winter season," said Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture.

To promote sunflower expansion in Bamauk Township, the Township Department of Agriculture is intensifying training programs, aiming to raise the capacity of both staff and farmers.

This year, arrangements have also been made to provide farmers with sunflower seeds, sell urea fertilizer at reasonable prices, and distribute sunflower varieties through farmer-to-farmer exchange systems. **SK**

# Local authorities plan to grow more than 9,000 acres of sesame in Shwebo Township this year

SHWEBO October 23

Local farmers will grow more than 9,000 acres of sesame as cold season crops in Shwebo Township of Sagaing Region this year, according to the data of the Township Agriculture Department.

During the 2025–2026 winter crop season, a total of 9,587 acres of winter sesame are planned for cultivation in Shwebo Township, with planting scheduled to take place from October to December this year.

"In Shwebo Township, more than 9,000 acres of winter sesame are planned for cultivation in the coming winter crop season. Efforts will be made to meet the target acreage. Sesame cultivation has been increasing year by year, and farmers mainly grow sesame in the winter rather than the monsoon season. As an oil crop, sesame is currently in a successful position," said U San Oo, Head of the Shwebo Township Department of Agriculture.

This year, the Township Department of Agriculture will provide awareness programs for farmers who grow monsoon sesame, focusing on expanding winter sesame cultivation, applying improved cultivation methods, adopting Good Agricultural Practices (GAP), and using quality and high-yield varieties.

Crops produced under the GAP system have better quality, fetch higher prices, and can be marketed not only domestically but also exported. As a result, farmers who adopt GAP benefit from greater profitability and improved socio-economic livelihoods. **SMK**

# Authorities earmark cultivation of more than 2,000 acres of garden pea in Mawlaik District

MAWLAIK October 23

Mawlaik District Agriculture Department stated that a plan is underway to grow more than 2,000 acres of garden pea in Mawlaik District of Sagaing Region in coming cold season.

In 2025-2026 cold season cultivation period, Mawlaik Township will grow 660 acres of garden pea and Phaungpyin Township 1,935 acres, totalling 2,595 acres. Farmers will start their cultivation of pea in October this year till December.

During the upcoming winter crop season this year, more than 2,000 acres of garden pea are planned to be cultivated in Mawlaik District to increase pulse production and ensure food security.

"To fully meet the targeted acreage, the necessary technologies and proper cultivation methods will be provided. Garden pea is a crop with high domestic consumption, so there is market demand and it is convenient for farmers to grow," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

Relevant Township Agriculture Departments in Mawlaik District are conducting awareness programs for garden pea farmers on achieving higher yields, using suitable and quality seeds, practicing correct cultivation methods, preventing pest infestations, and applying fertilizers systematically.

During this year's monsoon crop season, Township Agriculture Departments have also been cooperating with farmers in cultivating various pulses, providing them with quality seeds, inputs, and post-harvest technologies to help ensure better yields and quality. **SMK**

# More than 12,000 acres of groundnut harvested in Kanbalu Township

KANBALU October 23

According to the statistics of Kanbalu Township Agriculture Department of Sagaing Region, local farmers have harvested more than 12,000 acres of groundnut.

During this year's monsoon crop season, a total of 51,931 acres of groundnut were cultivated in Kanbalu Township. Harvesting began in September, and so far 12,516 acres have been harvested, with yields reaching 52.35 baskets per acre.

"This year, a total of 51,599 acres of groundnut were planned for cultivation in Kanbalu Township during the monsoon season, but the actual cultivated area reached 51,931 acres. Harvesting is now underway, with more than 12,000 acres already completed, and work is continuing. Groundnut cultivation has exceeded the target acreage and is progressing successfully as an oilseed crop. Year by year, groundnut farming has been improving," said U Myo Zaw, Head of the Kanbalu Township Agriculture Department.

For groundnut cultivation in Kanbalu Township, about one and a half baskets of seed are required per acre, with production costs—including seed, labour charges, fertilizers, and pesticides—exceeding Ks-100,000. Farmers can generally achieve over 50 baskets per acre.



This year, staff members from the Township Agriculture Department have been conducting field inspections and keeping monitoring records to ensure the success of groundnut farms, prevent pest and disease outbreaks, and participate in weeding the groundnut plantations. **SK**

# Russia condemns US military actions in the Caribbean, reaffirms support for Venezuela



MOSCOW October 23

Actions of the United States in the Caribbean Sea are increasingly raising questions, and Russia firmly supports Venezuela, Russian Foreign Ministry spokeswoman Maria Zakharova said on Thursday, adding that the main thing is to avoid escalation.

In recent months, the Pentagon has been increasing the number of naval, air and land assets deployed throughout the Caribbean, in the US Southern Command area of authority. The deployment is part of a major operation allegedly on counternarcotics and counterterrorism, according to Washington.

"The forceful actions of the American military [in the Caribbean Sea] are raising more and more questions. There is information about the deaths of Venezuelan, Colombian and Trinidadian citizens, although a number of sources claim that they could have simply been fishermen," Zakharova told reporters.

**Sputnik**

# Romania to host local elections, Bucharest mayoral vote, on December 7

BUCHAREST October 23

The Romanian government on Thursday approved the organization of partial local elections, including a vote for Bucharest's general mayor, to be held on December 7.

According to government spokesperson Ioana Dogioiu, the elections will also include ballots for the presidency of the Buzau County Council and for mayors in ten other localities where positions have remained vacant since last year. She made the announcement during a press conference at the Victoria Palace.

The electoral period will begin on November 2, with campaigning set to run from November 22 to December 6. On election day, polls will take place between 7:00 a.m. and 9:00 p.m. local time.

Candidates for the Bucharest mayoral race and for the Buzau County Council presidency may submit their applications during November12-17. The government noted that procedural deadlines have been halved due to the organization of the partial elections.

Former Bucharest Mayor Nicusor Dan was elected president of Romania in May. His deputy, Stelian Bujduveanu of the National Liberal Party, is currently serving as interim mayor.

The outcome of the December vote will decide who will lead Romania's capital city of more than two million people through the second half of the current local government term. **Xinhua**

# 6.1-magnitude quake strikes off Indonesia's Maluku, no tsunami risk

JAKARTA October 23

A 6.1-magnitude earthquake struck the sea southwest of Southeast Maluku Regency, Maluku Province, Indonesia, at 6:46 p.m. Jakarta time on Thursday, according to the Meteorology, Climatology, and Geophysics Agency (BMKG).

The epicenter was located about 192 km southwest of Southeast Maluku Regency at a depth of 117 km, at coordinates 6.17 degrees south latitude and 131.08 degrees east longitude.

The BMKG reported that the quake has no potential to trigger a tsunami. There have been no immediate reports of casualties or damage.

Indonesia sits along the Pacific "Ring of Fire," where seismic activity is frequent.

**Xinhua**

# Trump says Israel would lose all US support if it Annexed West Bank

MOSCOW October 23

US President Donald Trump said on Thursday that Israel would lose all support from the United States if it decided to pursue territories in the West Bank.

"It won't happen because I gave my word to the Arab countries. And you can't do that now. We've had great Arab support. It won't happen because I gave my word to the Arab countries. It will not happen. Israel would lose all of its support from the United States if that happened," he told the Time newspaper in response to a question about what the consequences would be if Israeli Prime Minister Benjamin Netanyahu's government were to annex the West Bank.

Trump also said that under his leadership, the situation in the Middle East is going to improve, however, if he is succeeded by a president who fails to earn respect, everything could easily come to an end.

"While I'm there, it's going to only get better and stronger, and it's going to be perfect. Okay? It's going to be great. What happens after me? I can't tell you that. You know, you can have bad presidents. If a bad president comes in, it could end very easily... If they do respect the president, it's going to be long-term beautiful peace," he said.

**Sputnik**

# China overtakes US as Germany's top trading partner – Reuters



BEIJING October 23

China has overtaken the US as Germany's leading trading partner in the first eight months of 2025, Reuters reported on Wednesday, citing preliminary data from the German statistics office.

The shift comes as Washington has imposed significant tariffs on goods from the EU under US President Donald Trump. Most European goods currently face a 15 percent tariff while the rate on automobiles is 25 percent .

German imports and exports with China amounted to €163.4 billion (US$-190.7 billion) from January to August, while Germany's bilateral trade with the US totaled €162.8 billion, according to the figures.

German exports to the US dropped to €99.6 billion in January-August, down 7.4 percent from a year earlier, reflecting weaker demand for German cars, machinery and chemicals, according to the report. Although German imports of US goods rose by about 9 percent over January-July 2025, according to US data, Germany exports far more to the US than it imports, giving the over 7 percent decline in exports more weight in the overall trade figures.

The US tariffs have had a disrupting influence on global trade and have affected American trade with numerous countries, Wang Yiwei, director of the Center for European Union Studies at Renmin University of China, said, as cited by the Global Times. He highlighted the mutual benefits of globalization and bilateral cooperation in contrast to the policies followed by Washington.

Carsten Brzeski, global head of macro at ING, told Reuters that a rebound in German exports to the US was "unlikely in the near term." **RT**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Two big walks a week better for you than daily, shorter, strolls, find scientists

Taking just two 40-minute walks a week can cut women's risk of heart attacks and stroke by more than a quarter, according to a new study.


A team from Boston's Brigham and Women's Hospital tracked weekly step counts of more than 13,000 women with an average age of 71.

They also found there was no additional heart health benefit to walking more frequently, or for longer.


Lead author Dr Rikuta Hamaya said that the findings show that for older women, the quantity of steps they take per week is more important than the frequency.

It means that taking one to three 'big walks' can be more beneficial than focusing on daily step counts.

She said: 'There is no "better" or "best" pattern to take steps... "bunching" steps is a viable option for health.'




The research, published today in the British Journal of Sports Medicine, found that reaching at least 4,000 daily steps once or twice a week was associated with a 26 percent lower risk of death when compared to women who did not.



They looked at data collected by fitness trackers over a period of seven consecutive days between 2011–2015.

None of the women had cancer or cardiovascular disease (CVD) at the start of the study.

During the monitoring period of nearly 11 years, up to the end of 2024, 1,765 women (13 percent) died and 781 (5 percent) developed CVD.

Taking one to two 4,000-step walks—which works out as approximately a 40-minute walk—was linked with a 27 percent lower risk of a CVD death when compared with not reaching this threshold on any day in a week.

Walking 4,000 steps three times a week lowered the risk of death from any cause from 27 percent to 40 per cent. However, the risk of a CVD death remained at 27 percent.

Higher daily step counts of 5,000 to 7,000 steps on three or more days of the week were associated with a further fall in the risk of death from any cause (32 percent) but didn't have a substantial affect on CVD-related deaths.

CVD is a general term used to refer to conditions which affect the heart or blood vessels, including coronary heart disease, heart failure, and stroke.

Risk factors include high blood pressure, high cholesterol, diabetes, smoking, and irregular heartbeat.

According to the British Heart Foundation, more than 7.6 million people in the UK have CVD, and the condition is responsible for about one in four premature deaths in people aged under 75.

The study concluded that doctors should recommend older women aim for 4,000 steps per day, even if only once or twice a week.

However, there were several noteworthy limitations with this study.

Firstly, it was purely observational, meaning that no firm conclusions can be drawn about cause and effect. The researchers also acknowledged that physical activity was assessed only for one week out of the 11 year observational period, so it was impossible to be aware of variations of behaviour or the subjects' dietary habits which could also lead to a potentially longer lifespan.

Walking has long been linked to better health and ageing, with the figure of 10,000 steps a day touted as the ultimate goal.

Last month, Australian researchers from the University of Sydney found that walking just 7,000 steps a day provides almost identical benefits to 10,000—and can help slash your risk of death, dementia and heart disease.

The study found that walking 7,000 steps a day slashed the risk of dying prematurely by 47 percent, almost identical to the benefits of hitting those higher amounts.

**Mail Online**

# ရုရှားရေနံကုမ္ပဏီများအပေါ် အမေရိကန်က တစ်ဖက်သတ်ပိတ်ဆို့မှုများ ချမှတ်ရန်ဆုံးဖြတ်ခဲ့ခြင်းက တန်ပြန်မှုကိုဖြစ်ပေါ်စေနိုင်ဟု ရုရှားပြော



မော်စကို၊ စီးပွားရေး

ရုရှားရေနံကုမ္ပဏီများအပေါ် အမေရိကန်ပြည်ထောင်စုက တစ်ဖက်သတ်ပိတ်ဆို့မှုများချမှတ်ရန်ဆုံးဖြတ်ခဲ့ခြင်းသည် ယူကရိန်းပဋိပက္ခကိုအဆုံးသတ်နိုင်ရေးကြိုးပမ်းမှုအား လျော့ပါးစေပြီး တန်ပြန်မှုကိုဖြစ်ပေါ်စေနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာရီယာ ဇာခါရိုဗာက အောက်တိုဘာလ ၂၃ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုအသစ်များထပ်မံချမှတ်လိုက်ခြင်းသည် အမေရိကန်ပြည်ထောင်စုအပေါ် အပြုသဘောမဆောင်သည့် သက်ရောက်မှုများကိုဖြစ်ပေါ်စေပြီး ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုကိုလည်းထိခိုက်စေနိုင်ကြောင်း မာရီယာ ဇာခါရိုဗာက သတိပေးပြောကြားထားသည်။

ရုရှားနိုင်ငံအပေါ် ထပ်မံချမှတ်လိုက်သည့် ပိတ်ဆို့မှုအသစ်များသည် နိုင်ငံအတွက် ခက်ခဲမှုများကို ဖြစ်ပေါ်စေမည်မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရုရှားနိုင်ငံသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများကို ခံနိုင်ရည်ရှိနေပြီဖြစ်သောကြောင့် ရုရှားအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့် စွမ်းအင်ကဏ္ဍတိုးတက်စေရန် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်အစိုးရသည် ယူကရိန်းလက်နက်ကိုင်ပဋိပက္ခနှင့် စပ်လျဉ်း၍ အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းချမှတ်နိုင်စေရန်အတွက် ဖိအားပေးသည့်အနေဖြင့် ရုရှားနိုင်ငံ၏ အကြီးဆုံးရေနံကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် Rosneft နှင့် Lukoil တို့အပေါ် ပိတ်ဆို့မှုအသစ်များကို အောက်တိုဘာလ ၂၂ ရက်တွင် ချမှတ်ခဲ့ပြီးနောက် ရုရှားနိုင်ငံ၏တုံ့ပြန်မှုထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်နှင့် အနောက်နိုင်ငံများသည် ယူကရိန်းပဋိပက္ခစတင်သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ရုရှားနိုင်ငံအပေါ် ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးပိတ်ဆို့မှု အများအပြားကို ချမှတ်ထားခဲ့ကြောင်း သိရသည်။

Ref: Xinhua

# မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုများကို ပူတင်ကြည့်ရှုစစ်ဆေး

မော်စကို၊ ကာကွယ်ရေး

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် မဟာဗျူဟာမြောက်နျူကလီးယားတပ်ဖွဲ့၏ပြုလုပ်မြဲဖြစ်သည့် စစ်ရေးလေ့ကျင့်မှုများကို သွားရောက်ကြည့်ရှု၍ကွပ်ကဲခဲ့ကြောင်း သမ္မတရုံးက ထုတ်ပြန်သည်။

မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့သည် ၎င်းတို့၏ ပြုလုပ်မြဲစစ်ရေးလေ့ကျင့်မှုများကို အောက်တိုဘာလ ၂၂ ရက်တွင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါစစ်ရေးလေ့ကျင့်မှုအတွင်း သမ္မတပူတင်က မြေပြင်၊ ရေပြင်နှင့် ဝေဟင်မှ တိုက်ချင်းပစ်ဒုံးကျည်များပစ်ခတ်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သမ္မတရုံးမှ ထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြထားသည်။

မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့သည် အဆိုပါစစ်ရေးလေ့ကျင့်မှုအတွင်း Yars အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်များကိုလည်း Plesetsk Cosmo-drome အာကာသလွှတ်တင်ရေးစခန်းမှ ကူရာစက်ပစ်ကွင်းသို့ ပစ်ခတ်လေ့ကျင့်ခဲ့ကြောင်း၊ အဆိုပါတိုက်ချင်းပစ်ဒုံးကျည်များသည် အကွာအဝေးအားဖြင့် ၁၁၀၀၀ ကီလိုမီတာအထိ ပစ်ခတ်ရောက်ရှိနိုင်ကြောင်း သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုအတွင်း မဟာဗျူဟာမြောက်နျူကလီးယားတပ်ဖွဲ့သည် Bryansk နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော၊ Tu-95MS တာဝေးပျံဗုံးကြဲလေယာဉ်တို့ကိုလည်း အသုံးပြုလေ့ကျင့်ခဲ့ကြောင်း သမ္မတရုံးမှထုတ်ပြန်ချက်အရ သိရသည်။

ပူတင်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလနှင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းကလုပ်ဆောင်ခဲ့သည့် မဟာဗျူဟာမြောက်နျူကလီးယားတပ်ဖွဲ့၏ စစ်ရေးလေ့ကျင့်မှုများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

Ref: TMT

# ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိ ဆေးရုံတစ်ရုံတွင် ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွား

ငယ်အန်း၊ အကြမ်းဖက်မှု

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းရှိ ဆေးရုံတစ်ရုံတွင် အောက်တိုဘာလ ၂၃ ရက်က ဓားကိုင်ဆောင်ထားသူတစ်ဦး၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မွေးကင်းစကလေးနှစ်ဦးအပါအဝင် လူခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်းသိရသည်။

အဆိုပါတိုက်ခိုက်မှုသည် ငယ်အန်းသားဖွားနှင့် ကလေးလူနာကုဆေးရုံ၌ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်သူသည် မွေးကင်းစကလေးငယ်များထားရှိသည့် အဆောင်အတွင်းသို့ အတင်းဝင်ရောက်ပြီးနောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါတိုက်ခိုက်မှုအတွင်း ဓားသမားအား ဟုန်အမည်ရှိ သူနာပြုဆရာမတစ်ဦးက မွေးကင်းစ ကလေးငယ်တစ်ဦးကို ကယ်ဆယ်ရန် ကြိုးပမ်းခဲ့သော်လည်း အကြမ်းဖက်သမားက ၎င်းကိုလည်းဓားဖြင့် တိုက်ခိုက်ခဲ့ကြောင်းသိရသည်။




ဓားဖြင့်တိုက်ခိုက်ခဲ့သူသည် နိုင်ငံမြောက်ပိုင်းရှိဘက်နင်းပြည်နယ်မှအမျိုးသားတစ်ဦးဖြစ်ပြီး ၎င်း၏အမျိုးသမီးသည် အဆိုပါဆေးရုံ၌ လမစေ့ဘဲ အမွှာကလေးနှစ်ဦးအား မွေးဖွားခဲ့ပြီးနောက် ၎င်းကလေးငယ်နှစ်ဦးအနက် တစ်ဦးမှာ ရောဂါကူးစက်ခံထားရသည့်လက္ခဏာကြောင့် အောက်တိုဘာလ ၂၂ ရက်တွင် အထူးကြပ်မတ်ဆောင်သို့ ပို့ဆောင်ခဲ့ရကြောင်း၊ နောက်တစ်ရက်တွင် အဆိုပါအမျိုးသားသည် မွေးကင်းစကလေးငယ်များ ထားရှိရာအဆောင်သို့ဝင်ရောက်ပြီး လူနာတစ်ဦးနှင့် ၎င်း၏ဆွေမျိုးသားချင်းများအပြင် သူနာပြုတစ်ဦးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက်တွင် ဆေးရုံရှိ လုံခြုံရေးဝန်ထမ်းများရောက်ရှိလာပြီး ဓားဖြင့်တိုက်ခိုက်ခဲ့သူ အမျိုးသားအား ထိန်းသိမ်းခဲ့ပြီး ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ကြောင်းသိရသည်။

ဒဏ်ရာရရှိသူများတွင် ဆေးရုံဝန်ထမ်းသုံးဦး၊ လူနာ၏ ဆွေမျိုးသားချင်းနှစ်ဦးနှင့် မွေးကင်းစကလေးငယ်နှစ်ဦးပါဝင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Ref: ST

# နယ်သာလန်တွင် ဘင်ဂျမင်မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းလိုက်ရ

သဟေ့ဂ်၊ သဘာဝဘေး

နယ်သာလန်နိုင်ငံတွင် အောက်တိုဘာလ ၂၃ ရက်က ဘင်ဂျမင်မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းလိုက်ရကြောင်းသိရသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မှုနှင့်စပ်လျဉ်း၍ နယ်သာလန်မိုးလေဝသအဖွဲ့က နိုင်ငံအတွင်းရှိကမ်းရိုးတန်းပြည်နယ်များအတွင်း၌ ဒုတိယအမြင့်ဆုံးသတိပေးချက်ဖြစ်သည့် လိမ္မော်ရောင်အဆင့် သတိပေးချက်ကို ထုတ်ပြန်ထားခဲ့သည်။

ဘင်ဂျမင်မုန်တိုင်းကြောင့် လေတိုက်ခတ်နှုန်းသည် တစ်နာရီလျှင် ၁၂၀ ကီလိုမီတာအထိ ရောက်ရှိနိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် အာဏာပိုင်များက နိုင်ငံအတွင်းပြေးဆွဲပျံသန်းနေသည့် လေကြောင်းလိုင်းများဖြစ်သည့် KLM၊ Lufthansa၊ Swiss၊ Air France နှင့် Air Baltic တို့၏ လေကြောင်းခရီးစဉ် ၂၆၂ ခုကို ဖျက်သိမ်းလိုက်ရပြီး အခြားခရီးစဉ် ၈၇၀ ကို ရွှေ့ဆိုင်းရခြင်းကြောင့် ခရီးသည်ထောင်ပေါင်းများစွာမှာ သောင်တင်ခဲ့ရသည်။

ဘင်ဂျမင်မုန်တိုင်းတိုက်ခတ်မှုသည် အောက်တိုဘာလ ၂၄ ရက်တွင် အင်အားလျော့နည်းသွားနိုင်ဖွယ်ရှိကြောင်း KLM လေကြောင်းလိုင်းက ခန့်မှန်းထားကြောင်း သိရသည်။

Ref: TTW




# အာသံပြည်နယ်တွင် ပေါက်ကွဲမှုကြောင့် မီးရထားခရီးစဉ်များရပ်ဆိုင်း

နယူးဒေလီ၊ အကြမ်းဖက်မှု

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် အောက်တိုဘာလ ၂၃ ရက် အစောပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် မီးရထားခရီးစဉ်များရပ်ဆိုင်းသွားခဲ့ရကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

ပေါက်ကွဲမှုသည် ပြည်နယ်မြို့တော် ဒစ်စပါမြို့အနောက်ဘက် ၂၃၀ ကီလိုမီတာအကွာ ကိုကရာဂျာခရိုင်အတွင်းရှိဆာလာကာတီဘူတာနှင့် ကိုကရာဂျာဘူတာ အကြား၌ ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲမှုသည် လက်လုပ်ဗုံးတစ်လုံးကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုအတွင်း မီးရထားလမ်းအစိတ်အပိုင်းတစ်ခု ပျက်စီးသွားကြောင်း၊ သို့သော် အဆိုပါဖြစ်စဉ်အတွင်း တစ်စုံတစ်ဦးမှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

ပေါက်ကွဲမှုကြောင့် မီးရထားခရီးစဉ်ရှစ်ခုခန့်မှာ ရပ်ဆိုင်းသွားခဲ့ရသော်လည်း နံနက်၅ နာရီခန့်တွင်မီးရထားခရီးစဉ်များကို ပြန်လည်စတင်နိုင်ခဲ့ကြောင်းနှင့် ပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းသိရသည်။ Ref: Xinhua

# ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့တည်ဆောက်နေမှု ၉၅ ရာခိုင်နှုန်းခန့်ပြီးစီး



ဟိုင်းကြီးကျွန်း အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းအငူ၌ တည်ထားကိုးကွယ်သော ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့တည်ဆောက်နေမှု ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

အဆိုပါ ရင်ပြင်တော်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုများဖြင့် ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှကြီးမှူး၍ ဆောင်ရွက်လျက်ရှိပြီး လာမည့်ဘုရားပွဲတော်မတိုင်မီ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုဆိုရင် စေတီတော်မြတ်ကြီးရဲ့ ရင်ပြင်တော်တိုးချဲ့တည်ဆောက်တဲ့လုပ်ငန်းက ၉၅ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်ပါတယ်။ ရင်ပြင်တော်ကို စေတီတော်မြတ်ကြီးရဲ့ တောင်စောင်းတွေမှာ တိုးချဲ့တည်ဆောက်လိုက်တဲ့အတွက် ဘုရားဖူးပြည်သူတွေ အေးအေးချမ်းချမ်းတည်းခိုနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ယခုအခါ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးသို့ ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်လျက်ရှိပြီး အများအားဖြင့် စနေ၊ တနင်္ဂနွေရက်များနှင့် အစိုးရရုံးပိတ်ရက်များတွင် ရပ်ဝေးမှဘုရားဖူးဧည့်သည်များလာရောက်မှု ပိုမိုများပြားကြောင်း၊ အဆိုပါဘုရားဖူးဧည့်သည်များ အခမဲ့တည်းခိုနိုင်စေရန် ဘုရားဂေါပကအဖွဲ့မှ ဓမ္မာရုံများ၌ နေရာများစီစဉ်ပေးထားရာ ရပ်ဝေးမှ လာရောက်ဖူးမြော်ကြသော ဘုရားဖူးဧည့်သည်များအနေဖြင့် အချိန်မရွေး လာရောက်တည်းခိုနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# ကော့မှူးမြို့နယ်၌ လူငယ်စကားဝိုင်း ကျပန်းစကားပြောပြိုင်ပွဲ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ



**ကော့မှူး အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေး လူငယ်စကားဝိုင်းကို အောက်တိုဘာလ ၂၂ ရက်က ဝါးဘလောက်သောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဝါးဘလောက်သောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး(ငြိမ်း)ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးကြကာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် လူငယ်စကားဝိုင်းတွင်ပါဝင်ဆွေးနွေးသူများကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# (၉)ကြိမ်မြောက် ရိုးမမာရသွန်ပြိုင်ပွဲများကို ၂၀၂၆ ခုနှစ်တွင် ပြန်လည်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

(၉)ကြိမ်မြောက် ရိုးမမာရသွန်ပြိုင်ပွဲများကို ၂၀၂၆ ခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့၌သာမက မန္တလေးမြို့၌လည်း ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း Yoma Yangon International Marathon မှ သိရသည်။

ရိုးမ-မန္တလေး အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲစဉ်နှစ်ခုစလုံးအတွက် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် စတင်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

မာရသွန်ပြိုင်ပွဲကို အမျိုးအစားသုံးမျိုးသတ်မှတ်ထားပြီး တစ်ဝက်မာရသွန် (၂၁ ကီလိုမီတာ)၊ စိန်ခေါ်ပြေးပွဲ (၁၀ ကီလိုမီတာ)နှင့် အပျော်တမ်းပြေးပွဲ (၅ ကီလိုမီတာ)တို့ဖြစ်သည်။ ယခင်ကျင်းပခဲ့သည့် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲတွင် ပြည်တွင်းအပြေးသမားများ၊ ဝါသနာရှင်များ၊ ပြည်ပအပြေးသမားများပါဝင်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်က စတင်ခဲ့သည့် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲသည် ပါဝင်ဆင်နွှဲသူအများဆုံး အားကစားပွဲတော်တစ်ခုဖြစ်ပြီး ရန်ကုန်မြို့၌ ၂၀၂၀ ပြည့်နှစ်က (၈)ကြိမ်မြောက်ကျင်းပကာ ကိုဗစ်-၁၉ ရောဂါအခြေအနေများကြောင့် ရပ်နားထားခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

# မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံဧက ၄၀၀၀ ကျော်စိုက်ပျိုးမည်

**မြောင်းမြ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံဧက ၄၀၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ စားဖိုဆောင်သီးနှံ ၄၈၈၅ ဧကကို နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံ လျာထားဧက ၄၈၈၅ ဧကအပါအဝင် ဆောင်းသီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သည့်ဌာနများနှင့် ဒေသခံများ စနစ်တကျပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ဆောင်းသီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနအပြင် ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အနေနဲ့ စားဖိုဆောင်သီးနှံ ၄၈၈၅ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးမယ့်သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းတွေအထိ ကွင်းဆင်းပြီး တောင်သူတွေနဲ့ တွေ့ဆုံအသိပညာပေးတဲ့လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်နေပါတယ်။ တောင်သူတွေအနေနဲ့ ဒေသနဲ့ကိုက်ညီတဲ့သီးနှံအမျိုးအစားတွေကို အဓိကစိုက်ပျိုးမှာပါ။ ဒါ့ပြင် တောင်သူတွေစိုက်ပျိုးတဲ့သီးနှံတွေ မှန်းသလောက် ထွက်ရှိစေဖို့အတွက် မျိုးစေ့တွေ အသုံးပြုတာမှန်ကန်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို သီးနှံမစိုက်ပျိုးမီအချိန်ကတည်းက ဆောင်ရွက်ပေးနေပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ၄၈၈၅ ဧကကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါစားဖိုဆောင်သီးနှံများတွင် ကြက်ဟင်းခါး၊ ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ခရမ်း၊ သခွား၊ ပဲပုစွန်၊ တိုင်ထောင်ပဲ စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနည်းပညာပေး ဆွေးနွေး



ရန်ကုန် အောက်တိုဘာ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှကျင်းပသည့် ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၂၃ ရက်တွင် သန်လျင်မြို့ ကြာကန်ဓမ္မဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် တောင်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးကြိုးပမ်းဆောင်ရွက်ရမည့်အချက်များကို ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက နည်းပညာပေးဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မာလာမြင့်က အင်းဆက်ဖျက်ပိုးများအား ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းသန်းက သီးနှံရောဂါများအား ဘက်စုံကာကွယ်ရေးနည်းလမ်းများ အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်က သီးနှံဖျက်ပေါင်းပင်များအား ဘက်စုံကာကွယ်ရေးနည်းလမ်းများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများကိုလည်းကောင်း၊ မြေအသုံးချရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်မော်က မြေဆီလွှာစီမံခန့်ခွဲမှုနည်းလမ်းများနှင့် ဓာတ်မြေဩဇာစနစ်တကျ အသုံးပြုနည်းများကိုလည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရီရီချိုက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့် သုံးစွဲရေးတို့ကိုလည်းကောင်း အသိပညာပေးဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တာဝန်ရှိသူများက တောင်သူများအား မျိုးစေ့ချကိရိယာ (Seeder) အသုံးပြုနည်း လက်တွေ့ပြသနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စွမ်းရည်ပြိုင်ပွဲများကျင်းပ



ရန်ကုန် အောက်တိုဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ဟောပြောပွဲ၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို အောက်တိုဘာလ ၂၂ ရက်က တွံတေးမြို့နယ် အလယ်ချောင်းကျေးရွာအုပ်စု အလယ်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း(အလယ်ချောင်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ရီက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးသန်းနိုင်က စားသုံးသူရေးရာအကြောင်းအရာများကိုဟောပြောပြီး စာရေးဆရာဝင်းထွဋ်ဦးက စာဖတ်ရခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက Physical Fitness Dance ဖြင့် သရုပ်ပြဖျော်ဖြေကြသည်။ ဆက်လက်၍ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် အသိပညာဗဟုသုတရရှိစေရန် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ လူကုန်ကူးမှုဆိုင်ရာအသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များပြသထားရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# အသေးစား အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း ကောက်ယူနိုင်ရေး ကြိုတင်ရှင်းလင်းပွဲကျင်းပ

မြိတ် အောက်တိုဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း(၂၀၂၅)ကောက်ယူနိုင်ရေးအတွက် ကြိုတင်ရှင်းလင်းပွဲကို အောက်တိုဘာလ ၂၃ ရက်တွင် ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(ကုန်ထုတ်လုပ်မှု) စစ်တမ်းကောက်ယူရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ တိုင်းဒေသကြီးတာဝန်ခံ ဒေါ်တင်ချိုကြူကြူခိုင်က စစ်တမ်းကောက်ယူရသည့်အကြောင်းအရာများနှင့် စစ်တမ်းကောက်ယူခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ပြုနိုင်ရန်၊ MSME လုပ်ငန်းများ၏လိုအပ်ချက်များကို သိရှိနိုင်ရန်၊ MSME မူဝါဒချမှတ်သူများအတွက် စာရင်းအင်းဆိုင်ရာ အချက်အလက်များ ဖြည့်ဆည်းပေးနိုင်ရန်၊ MSME လုပ်ငန်းများ၏ငွေကြေးအရင်းအနှီးနှင့်စီမံခန့်ခွဲမှုအခြေအနေများကိုသိရှိနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးမှုအခြေအနေကိုသိရှိနိုင်ရန်နှင့် MSME လုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုကိုသိရှိနိုင်ရန်ရည်ရွယ်၍ မြိတ်မြို့နယ်၌ အောက်တိုဘာလ ၂၄ ရက်မှ နိုဝင်ဘာလ ၁၂ ရက်အထိ လုပ်ငန်းပေါင်း ၁၅၆ ခုကို စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# မြောင်းမြမြို့နယ်၌ ဆောင်းမြေပဲဧက ၂၅၀၀ ကျော် စိုက်ပျိုးမည်

မြောင်းမြ အောက်တိုဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းမြေပဲဧက ၂၅၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲလျာထားဧက ၂၅၃၅ ဧကကို ယခုနှစ်နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ မြေပဲစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများလိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြောင်းမြမြို့နယ်အတွင်းမှာ ဆီထွက်သီးနှံတွေကို နှစ်စဉ်စိုက်ပျိုးနေပါတယ်။ ဒီဘက်ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းရာသီမှာ အဓိကစိုက်ပျိုးတာဖြစ်ပါတယ်"ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများအပါအဝင် ဆောင်းသီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့်အထွက်နှုန်းကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**



# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်


သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေး အဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၃

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့် ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ ရှိ အောင်မြေစံကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မွန်ပြည်နယ်အတွင်းရှိ လမ်းလုပ်ငန်းများနှင့် ရန်ကုန်-မန္တလေး အမြန်လမ်း ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မွန်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်စန်းနိုင်နှင့်အတူ ယမန်နေ့က မွန်ပြည်နယ်အတွင်း တည်ဆောက်လျက်ရှိသည့် လမ်းလုပ်ငန်းများနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းတို့အားကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာနမော်လမြိုင်မြို့နယ်လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ မော်လမြိုင် (ဟသ္သာအပိုင်း)-ကျိုက်မရောလမ်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို တာဝန်ခံအင်ဂျင်နီယာ၊ ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အုတ်စီရေမြောင်းလုပ်ငန်းများဆောင်ရွက်ရာတွင်ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်သွားရန်၊ လမ်းဘေး ဝဲ/ယာ သစ်ပင်များ စိုက်ပျိုးထားရန်၊ လမ်းဆုံနေရာများအတွက် Design အားရုံးချုပ်သို့ တင်ပြသွားရန်၊ လုပ်ငန်းများအားစီမံချက်အတိုင်းပြီးစီးအောင်ဆောင်ရွက်သွားရန်မှာကြားကာ လမ်းတစ်လျှောက် အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကလိုင်းကနိုင် - ကျောက်တလုံးလမ်း တစ်လျှောက်အား ကြည့်ရှုစစ်ဆေးပြီး အေးကိုကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော မော်လမြိုင် – သံဖြူဇရပ်လမ်း အပိုင်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်ရွက်လျက်ရှိသည့် ၂၄ ပေ အကျယ် နိုင်လွန်ကတ္တရာလမ်းအား ၃၆ ပေ အကျယ် ပြည့်မီရန် ကတ္တရာလမ်းချဲ့ခင်းခြင်း၊ Box Culvert တံတားသုံးစင်းအား ၄၈ ပေ အကျယ် ပြည့်မီရန်တိုးချဲ့တည်ဆောက်ခြင်း၊ တံတားများပြုပြင်ထိန်းသိမ်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက AADT သတ်မှတ်ချက်နှင့်အညီသတ်မှတ်လမ်းအကျယ် ရရှိအောင်ဆောင်ရွက်ရန်၊ လမ်းပေါက်များမရှိစေရေး လမ်းညွှန်းအမှတ်အသားဆိုင်းဘုတ်များသတ်မှတ်ချက်များနှင့်အညီ စိုက်ထူဆောင်ရွက်ထားရန် မှာကြားပြီး လမ်းအသုံးပြုခကောက်ခံနေသည့် တိုးဂိတ်နှင့် ယာဉ်သွားလာမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လျှောင်ဒဏ်ကြောင့်ပျက်စီးသွားသော ရန်ကုန် – မန္တလေးအမြန်လမ်း (ရန်ကုန်-နေပြည်တော်ပိုင်း) မိုင်တိုင် ၁၆၇/၁ မှ ၁၇၆/၂ ကြား မြေသားလုပ်ငန်းဆောင်ရွက်နေမှု၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပေး/သတိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားရှိမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၁၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့


မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင်အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ စုစုပေါင်းပြည်ပနိုင်ငံသား ၁၁၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်းဦးရေ ၉၆၆၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၃၃၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့်အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကိုတားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## (၂၃-၁၀-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သားဆောင်ရွက်ရမည့်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏ အမည်နှင့်မဲစာရင်းအမှတ်စဉ်ကိုပြောပြပါ၊အထောက်အထား အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကိုတွေ့ရှိပြီး မှန်ကန် လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲ လက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း ၏အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့် တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒ ပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲစီသာပေးပါ၊
- မဲရုံမှမထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံ အဖွဲ့ဝင်ထံသွားရောက်၍သတ်မှတ်ထားသည့်လက်ချောင်း တစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**

**"လွှတ်လပ်မျှတ၊ မဲပေးကြ"**

# ဒေသဖွံ့ဖြိုးရေး သုတေသနဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် သုတေသနစကားဝိုင်းဆွေးနွေး

မြင်းခြံ အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မြင်းခြံ တက္ကသိုလ်ဘက်စုံသုံးခန်းမ၌ "ဒေသ ဖွံ့ဖြိုးရေးသုတေသနဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့် သုတေသနစကားဝိုင်း ဆွေးနွေးပွဲကို အောက်တိုဘာလ ၂၃ ရက် တွင် ကျင်းပသည်။

သုတေသနစကားဝိုင်း ဆွေးနွေးပွဲတွင် မြင်းခြံတက္ကသိုလ်ပါမောက္ခချုပ် ဆရာမ ကြီးက သုတေသနစကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ "Humanity and Social Science" ဘာသာရပ်များဆိုင်ရာစကား ဝိုင်းနှင့် "Natural Science" ဘာသာရပ် များဆိုင်ရာ စကားဝိုင်းများကို ဆရာကြီး၊ ဆရာမကြီးများက ဆွေးနွေးပြောကြား သည်။

အဆိုပါဆွေးနွေးပွဲသို့ မြင်းခြံခရိုင်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနမှ တာဝန်ရှိသူများ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများတက်ရောက်ကြောင်း သိရ သည်။

**ချစ်ဦးနွေ(မြင်းခြံ)**




# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲကျင်းပ

ပခုက္ကူ အောက်တိုဘာ ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၊ အခြေခံပညာဦးစီးဌာနနှင့်မြို့နယ် စာရေးဆရာအသင်းတို့ပူးပေါင်း၍ကျောင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲကို အောက်တိုဘာ လ ၂၃ ရက်တွင် ပခုက္ကူမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့ အမှတ်(၅)အခြေခံ ပညာအထက်တန်းကျောင်းမှ ဆရာမ ဒေါ်ကြည်ကြည်အေးက အမှာစကား ပြောကြားပြီး ပခုက္ကူခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်း ယုမော်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင် ရေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ချိုချိုမာက "လူငယ်နှင့်ဉာဏ်ပညာ ကောင်းမွန်စေသော နည်းလမ်းများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်စာရေး ဆရာအသင်းအတွင်းရေးမှူး စာရေးဆရာမ အသွင်ဆန်း(ပခုက္ကူ)က "ဝေသာလီပြည် နှင့်မြန်မာပြည်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အောင်ဝင်း(မျိုးချစ်သူ-ရေစကြိုသား)က "ကျွန်ုပ်ဘဝဇာတ် ကြောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ မြမှူးသခင်က "စာပေ တန်ဖိုးဖြင့် အမျိုးဂုဏ်တင့်စေမည်" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး အသိပညာပေးဟောပြောကြသည်။



စာဖတ်ရှိန်မြှင့်တင်ရေးပွဲသို့ ပခုက္ကူမြို့ အမှတ်(၅) အခြေခံပညာအထက်တန်း ကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး အလှူ ရှင်များက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းသည်။ အဆိုပါပွဲတွင် စာပေဖတ်ရှုလေ့လာခြင်း အကျိုးကျေးဇူးများဆိုင်ရာ ရှေးစာဆိုပညာ ရှင်များ၏အဆိုအမိန့်များ၊ မူးယစ်ဆေးဝါး အန္တရာယ်၊ ကလေးအလုပ်သမားပပျောက် ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိ ပညာပေးနံရံကပ်စာစောင်များပြသဆောင် ရွက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှုသင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၂၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိ မြို့နယ် မီးသတ်စခန်း၌ အောက်တိုဘာလ ၂၃ ရက်တွင် မီးဘေးလုံခြုံရေးအထူး ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထဲရေးဝန်ကြီး ဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးမြတ်သူက မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် ဌာန၏ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူရရှိနိုင်စေရန်၊ နိုင်ငံတကာ မီးသတ်တပ်ဖွဲ့များတွင် ကျင့်သုံးဆောင် ရွက်လျက်ရှိသော ခေတ်မီမီးဘေးလုံခြုံ ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာရပ်များအား အစဉ်တစိုက် လေ့လာပြီး စဉ်ဆက်မပြတ်လေ့ကျင့်နိုင် ရန်၊ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး ဆိုင်ရာ စစ်ဆေးထောက်ခံချက်ထုတ်ပေး ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ Online System ဖြင့် လျှောက်ထားခြင်း/ ထုတ်ပေး ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို စာတွေ့/ လက်တွေ့ လေ့ကျင့်သင်ကြားပေးနိုင်ရန် ရည်ရွယ်ပြီး ယခုဆိုလျှင် ဒုတိယအကြိမ် မြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြား သည်။

အဆိုပါသင်တန်းတွင် မီးသတ်ဦးစီးဌာန ရှိ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးအဆင့် ရှိသူများကို သက်ဆိုင်ရာခရိုင်/ မြို့နယ်များ အလိုက် ခေါ်ယူသင်ကြားလေ့ကျင့်ပေးခြင်း ဖြစ်ပြီး သင်တန်းသား ၃၀ ဦးတို့ဖြင့် ဖွင့်လှစ် ကာ သင်တန်းကာလမှာ ရက်သတ္တလေး ပတ်ကြာဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီး ဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်အရာရှိကြီးများ၊ ဘာသာရပ် ဆိုင်ရာနည်းပြများ၊ ဌာနဆိုင်ရာတာဝန်သူ ရှိသူများနှင့်သင်တန်းသားများ တက်ရောက် ကြောင်း သိရသည်။

**နေကိုထိုက်**

# မြိတ်မြို့နယ် ကျွဲကူးကျေးရွာ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အသက်သာဆုံးဖြစ်သည့် အစိမ်းရောင်စက်မှုဝန်းကျင်ဖြစ်စေရေးဆွေးနွေး

မြိတ် အောက်တိုဘာ ၂၃

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီး ဌာနကကြီးမှူး၍စက်မှုဖွံ့ဖြိုးရေးနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက် ညီညီစီမံကြီးကြပ်လုပ်ဆောင်ရန်နှင့်သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုအသက်သာဆုံးဖြစ် သည့်အစိမ်းရောင်စက်မှုဝန်းကျင်ဖြစ်စေရေး ဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ လ ၂၃ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာ အုပ်စု ကျွဲကူးကျေးရွာရှိနည်းပညာပြန့်ပွား ရေးစင်တာ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအသက်သာဆုံးဖြစ်သည့် အစိမ်း ရောင်စက်မှုဝန်းကျင်ဖြစ်စေရေး၊ အစိမ်း ရောင်စီးပွားရေးအကျိုးကျေးဇူးများ၊ ပတ် ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အစိမ်းရောင်စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ လုပ်ငန်းများအကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ က မိမိတို့သိရှိလိုသည်များအား မေးမြန်း ရာ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ က ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ (၄၁၂)

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။**




## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၃၀၃/မမ/CME | Engine Oil SAE 5 W 30(200 Liters/Drum)-100 Drums ဝယ်ယူရန် |
| ၂ | ၃၀၄/မမ/CE | ပျဉ်းမနားဘူတာတွင် တာဝါအသစ်တည်ဆောက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၇-၁၁-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၄-၁၀-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

"UKW Geotechnic Co.,Ltd"

## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
## ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ "UKW Geotechnic Co.,Ltd" ကို အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန် (၂၉-၉-၂၀၂၅)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ အမှတ်(၁၇၈)၊ မီနီကွန်ဒို၊ မြေညီထပ်(ဘီ)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၆-၁၁-၂၀၂၅)ရက်နေ့ထက်နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

**ဦးခိုင်ဝင်း**
**မန်နေးဂျင်းဒါရိုက်တာ**
**UKW Geotechnic Co.,Ltd**
**၏ဒါရိုက်တာအဖွဲ့ကိုယ်စား**

**ဦးစိန်ကျော်ဝင်း**
**(B.Com,C.P.A)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဖုန်း-၀၉-၅၁၂၅၉၈၅**

### ပျောက်ဆုံးကြောင်း
ခင်သန်းငွေ(ဘ)ဦးစံမထွန်း ၁၂/သဃက(နိုင်)၀၀၈၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၈၆၈၁၀၁၃**

### တစ်ဦးတည်းဖြစ်ပါကြောင်း
အထက(၇)ပုသိမ်မှ ဒုမူလတန်းပြဆရာမ နန့်အေးအေးချို ၁၄/ပသန(နိုင်)၀၈၉၂၈၉ ကိုင်ဆောင်သူနှင့် ဒေါ်အေးအေးချိုတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**နန့်အေးအေးချို(ခ)ဒေါ်အေးအေးချို**

### ပျောက်ဆုံးကြောင်း
မျိုးမြင့်အောင်(ဘ)ဦးခွေးလေး(ခ)စိန်မြင့်၁၄/ပသန(နိုင်)၁၆၄၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဇင်မင်း(ဘ)ဦးတင်အေး ၁၂/သလန(နိုင်)၀၀၈၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
မြတ်ရော(ဘ)ဦးဝင်းနိုင် ၁၂/ကတန(နိုင်)၁၀၆၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
နိုင်နိုင်အေး(ဘ)ဦးတင်အေး၁၂/သကတ(နိုင်)၀၈၆၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
နန်းခိုင်သန်းအေး(ဘ)ဦးထွန်းမြိုင်၃/ကကရ(နိုင်)၂၄၇၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 628726)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
ဆောင်းနှင်းမှုံ(ဘ)ဦးဝဏ္ဏ ၁/မကန(နိုင်)၂၆၃၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 151999)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၁၈၂၆၉၈၁**

### ပျောက်ဆုံးကြောင်း
စောဟိန်းစိုးထက်(ဘ)စောထူးဘီ၁၂/အစန(နိုင်)၂၁၁၈၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၃၁၆၆၈**

### ပျောက်ဆုံးကြောင်း
မေလာနီ(ဘ)ဦးအလံထူ ၃/ဘအန(နိုင်)၄၉၁၉၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၅၅၆၆၇၉၃**

### ပျောက်ဆုံးကြောင်း
အောင်ဘိုဝင်း(ခ)ရမ်းဝွန်ဒါး(ဘ)ဦးကိုင်းလပ်(စ်)၈/သရန(နိုင်)၁၀၀၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၂၁၅၇၉၈၂**

### ပျောက်ဆုံးကြောင်း
ဝါသေဥ(ဘ)ဦးကြည်မောင် ၁၂/ရကန(သ)၀၀၁၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၆၀၉၈၆၇၅**

### ပျောက်ဆုံးကြောင်း
အောင်ကိုကို(ဘ)ဦးမြဝင်း ၁၂/မရက(နိုင်)၁၃၀၄၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၇၉၇၁၀၂၂**

### ပျောက်ဆုံးကြောင်း
ကျော်စိုးမိုး(ဘ)ဦးလွန်းမောင် ၁၂/ဗဟန(နိုင်)၀၅၇၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၈၅၀၄၀၀၃၂**

### ပျောက်ဆုံးကြောင်း
တင်မိုးဝင်း(ဘ)ဦးမုန်း ၉/နထက(နိုင်)၁၇၉၆၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၆၂၄၀၃၂၃၆**

### ပျောက်ဆုံးကြောင်း
မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်နေ ဒေါ်ဂျာရာ(ဘ)ဦးအင်ခွမ်ဂျာနော် ၁/ဝမန(နိုင်)၀၄၇၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 703699) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၄၈၈၈၄၃၂**

### အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက(၂)ပြွန်တန်ဆာမှ အဘ ဦးကျော်သောင်း၏သမီးဖြစ်သူ မူလတန်းပြဆရာမ၏အမည်မှန်မှာ ဒေါ်သန်းမူ ၇/ညလပ(နိုင်)၀၀၁၇၁၅ ဖြစ်ပါကြောင်း။
**ဒေါ်သန်းမူ**

### ပျောက်ဆုံးကြောင်း
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၇)ရပ်ကွက်၊ ပညာလမ်း၊ တိုက်-၈၄၉ နေ နေအောင်လွင်(ဘ)ဦးညွန့်လွင် ၁၂/ရကန(နိုင်)၀၅၉၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၇၉၄၆၇**

### မိဘအမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ဇုတ်သုတ်)ကျောင်း၊ Grade-7 မှ မအေးမြစိန်၏ မိဘအမည်မှန်မှာ ဦးဗိုလ်မင်း ၁၀/ဘလန(နိုင်)၁၁၇၁၉၉ နှင့် ဒေါ်ကေသွယ်စိုး ၁၀/ဘလန(နိုင်)၁၁၇၁၄၈ ဖြစ်ပါကြောင်း။
**ဦးဗိုလ်မင်း-ဒေါ်ကေသွယ်စိုး**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ဥဿာ(၅)ရပ်ကွက်နေ မျိုးမျိုးကြူ(ဘ)ဦးသက်မင်း ၇/ပခန(နိုင်)၅၂၇၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 124443)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မဉ္ဇူလမ်း၊ အမှတ်(၄၉၃)နေ ဇင်မာချို(ဘ)ဦးဝင်းသိန်း ၁၄/ပပတ(နိုင်)၂၅၇၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 745651)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၅၅၄၈၈၄**

### ပျောက်ဆုံးကြောင်း
ဒိုက်ဦးမြို့၊ အင်းသဇင်ရွာနေ သဲမောင်မောင်(ဘ)ဦးမျိုးဝင်းအောင်၇/ဒဥန(နိုင်)၂၂၇၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 616434)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၂၈၇၄၄**

### ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ New Land ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-6 မှ မောင်စိုင်းသီဟ၏ဖခင်အမည်မှန်မှာ ဦးဘိုဘိုမြင့် ၁၃/လလန(နိုင်)၀၇၉၃၉၇ ဖြစ်ပါကြောင်း။ **ဦးဘိုဘိုမြင့်**

### ပျောက်ဆုံးကြောင်း
ဉာဏ်စိုးဆက်(ဘ)ဦးထွန်းရှင် ၁၂/ကခက(နိုင်)၀၆၃၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၆၆၆၃၆၃၆၉**

### ပျောက်ဆုံးကြောင်း
ဇင်မင်းသူ(ဘ)ဦးကြည်စိန် ၇/ကဝန(နိုင်)၁၄၈၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၉၃၀၅၂၁၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို(လုပ်ငန်းတစ်ရပ်လုံးတင်ဒါ) တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့်ပြည်ထောင်စုမြန်မာနိုင်ငံသားလုပ်ငန်းအတွေ့အကြုံရှိသောလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရယူရမည့်နေရာ | - | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၂၄-၁၀-၂၀၂၅ မှ ၇-၁၁-၂၀၂၅ ရက်နေ့အထိ(ရုံးချိန်အတွင်း) |
| တင်ဒါအာမခံကြေးပေးသွင်းထားသည့် PO Cheque မူရင်းတင်သွင်းရမည့်နောက်ဆုံးရက် | - | ၇-၁၁-၂၀၂၅ (သောကြာနေ့) (၃:၀၀)နာရီအထိ |
| တင်ဒါအာမခံကြေးပေးသွင်းထားသည့်PO Cheque မူရင်းတင်သွင်းရမည့်နေရာ | - | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ သီတာဆိပ်လမ်း၊ ပုဇွန်တောင်မြို့နယ် |
| လုပ်ငန်းတစ်ရပ်လုံးတင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် | - | (၁၁-၁၁-၂၀၂၅)(၁၀:၀၀)နာရီ |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး ဖုန်း ၀၉-၄၀၁၈၆၃၂၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)ပုဒ်မ ၅၈(ခ)အရ
## အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့်
## အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီမှ အစုရှယ်ယာများဖြင့်
## ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီသို့
## ပြောင်းလဲမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ M G G E PUBLIC COMPANY LIMITED(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)၏ ၉-၉-၂၀၂၅ ရက်နေ့တွင်ကျင်းပသော ရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးမှ ကုမ္ပဏီအား(အစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ)မှ (အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ)သို့ ပြောင်းလဲမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အမည်ကို လည်း M G G E COMPANY LIMITED သို့ ပြောင်းလဲပြင်ဆင်ရန်နှင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံစည်းမျဉ်းကိုလည်း မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇)အရ သတ်မှတ်ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပုံစံကိုပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

အဆိုပါအထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း သတ်မှတ်ပုံစံကိုလည်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအစုရှယ်ယာများဖြင့် ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှ အစုရှယ်ယာများဖြင့်ကန့်သတ်ထားသည့် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီသို့ ပြောင်းလဲရန်အတွက် ကန့်ကွက်လိုသူရှိပါက အောက်ဖော်ပြပါ ကုမ္ပဏီ၏ရုံးခန်းလိပ်စာသို့ဆက်သွယ်ပြီး ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**M G G E PUBLIC COMPANY LIMITED**
အမှတ်-၄၂(အေ)၊ ပါရမီလမ်း၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၄၄၃၁၁၈၉၄၇၊ ၀၁-၆၅၄၀၂၄
**email:2012mgge@gmail.com**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အောင်ချမ်းသိမ်းကွက်သစ်နေ အဘ ဦးဖိုးတူး၏သား မောင်ခန့်တူးနိုင် ၉/ဥတသ(နိုင်)၀၂၂၉၂၂ နှင့် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇလောင်းအုပ်စု၊ ငန်းစပ်ရွာနေ အဘ ဦးတင်မင်းနိုင်၏သမီး မအေးအေးနိုင် ၉/ဥတသ(နိုင်)၀၁၅၉၄၈ တို့သည် ၂၃-၁၀-၂၀၂၅ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ခန့်တူးနိုင်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ အမှတ်(၂)ရပ်ကွက်နေ အဘ (ဦးခင်မောင်ငွေ)-အမိ ဒေါ်နန်းစံဖောင်းတို့၏သား မောင်ဇာနည်မင်းဆက်၇/ပခန(နိုင်)၃၄၅၅၆၄ သည် မိဘဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့်နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစံဖောင်း**

### ပျောက်ဆုံးကြောင်း
မျိုးကြည်(ဘ)ဦးမောင်ခ ၅/ကလဝ(နိုင်)၀၀၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၄၃၁၈၆၃၄၃**

# အာဖရိကအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင် ၁၀ ဦးစာရင်းထုတ်ပြန် တိုက်စစ်မှူး ဆာလက်ချ်နှင့် ဟာကီမီတို့ ဆုရရှိရန်ရေပန်းစားနေ





အာဖရိက အောက်တိုဘာ ၂၃

၂၀၂၅ ခုနှစ် အာဖရိကအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင် ၁၀ ဦးစာရင်းထုတ်ပြန်ခဲ့ပြီး တိုက်စစ်မှူး ဆာလက်ချ်နှင့် ဟာကီမီတို့ ဆုရရှိရန် ရေပန်းစားနေကြောင်း သိရသည်။

ထို့ပြင် အဆိုပါဆန်ခါတင်ကစားသမား ၁၀ ဦး စာရင်းတွင် ပရီးမီးယားလိဂ်မှ လီဗာပူးအသင်းတိုက်စစ်မှူးဆာလက်ချ်အပြင် စပါးအသင်းမှ ပါပေဆားနှင့် အဲဗာတန်အသင်းမှ အန်ဒီယေးတို့ ပါဝင်လာခဲ့သည်။

ယင်းဆန်ခါတင်ကစားသမား ၁၀ ဦးစာရင်း၌ နာပိုလီနှင့် ကင်မရွန်းလက်ရွေးစင်အသင်းကစားသမား အန်ဂွီဆာ၊ အယ်အေအက်ဖ်စီနှင့် ဂါဘွန်လက်ရွေးစင်အသင်းကစားသမား ဘူအန်ဂါ၊ ဒေါ့မွန်နှင့် ဂီနီလက်ရွေးစင်အသင်းကစားသမား ဂွီရာဆေး၊ ပီအက်စ်ဂျီနှင့် မော်ရိုကိုလက်ရွေးစင်အသင်းကစားသမား ဟာကီမီ၊ ဘာကာနီနှင့် မော်ရိုကိုလက်ရွေးစင်အသင်းကစားသမား လမ်လီအူ၊ ပီရမစ်နှင့် ဒီအာကွန်ဂိုအသင်းကစားသမား မာယီလီ၊ အဲဗာတန်နှင့် ဆီနီဂေါလက်ရွေးစင်အသင်းကစားသမား အန်ဒီယေး၊ ဂါလာတာဆာရေးနှင့် နိုင်ဂျီးရီးယားလက်ရွေးစင်အသင်းကစားသမား အိုဆင်မန်၊ လီဗာပူးနှင့် အီဂျစ်လက်ရွေးစင်အသင်းကစားသမား ဆာလက်ချ်၊ စပါးနှင့် ဆီနီဂေါလက်ရွေးစင်အသင်းကစားသမား ပါပေဆားတို့ပါဝင်လာခဲ့သည်။

သို့သော် ယင်းဆန်ခါတင်စာရင်းတွင် ၂၀၂၄ ခုနှစ်က အကောင်းဆုံးကစားသမားဆုရရှိခဲ့သည့် နိုင်ဂျီးရီးယားလက်ရွေးစင်အသင်းကစားသမား လွတ်ခ်မန်းပါဝင်လာခြင်းမရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် အာဖရိကအကောင်းဆုံးကစားသမားဆု ဆန်ခါတင် ၁၀ ဦးစာရင်းတွင်ပါဝင်ခဲ့သည့် ကစားသမားများအနက် တိုက်စစ်မှူးဆာလက်ချ်က အဆိုပါဆုကို နှစ်ကြိမ်၊ အိုဆင်မန်က တစ်ကြိမ် ရရှိခဲ့ဖူးပြီး ကျန်ကစားသမားရှစ်ဦးမှာ ဆုရရှိဖူးခြင်းမရှိသေးကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်အတွက် အာဖရိကအကောင်းဆုံးကစားသမားဆုကို ပြီးခဲ့သည့်ဘောလုံးရာသီက လီဗာပူးအသင်းနှင့် ပရီးမီးယားလိဂ်ဆုဖလားရရှိခဲ့သည့် တိုက်စစ်မှူး ဆာလက်ချ်၊ ပီအက်စ်ဂျီအသင်းနှင့် ဆုဖလားသုံးလုံးရရှိခဲ့သည့် ဟာကီမီတို့မှ တစ်ဦးဦး ရရှိနိုင်သည်ဟု သတင်းများလည်း ထွက်ပေါ်နေကြောင်း သိရသည်။ *Ref; Fotmob*

# မန်ယူအသင်းကစားသမား မက်ဂွိုင်ယာ ပရီးမီးယားလိဂ်ပွဲစဉ်(၈)၏ အကောင်းဆုံးကစားသမား အဖြစ် ရွေးချယ်ခံရ

မန်ချက်စတာ အောက်တိုဘာ ၂၃

မန်ယူအသင်းခံစစ်ကစားသမား မက်ဂွိုင်ယာသည် ပရီးမီးယားလိဂ်ပွဲစဉ်(၈)၏ အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

အဆိုပါရွေးချယ်မှုကို ပရိသတ်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်ခြင်းဖြစ်ပြီး ပရီးမီးယားလိဂ်ပွဲစဉ်(၈)အဖြစ် လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ယှဉ်ပြိုင်ကစားရာ မက်ဂွိုင်ယာက အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားသကဲ့သို့ အနိုင်ဂိုးပါသွင်းယူခြင်းကြောင့် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

ခံစစ်ကစားသမား မက်ဂွိုင်ယာအနေဖြင့် ပရိသတ်များ၏ ဆန္ဒမဲ ၄၂ ရာခိုင်နှုန်းရရှိခဲ့ပြီး ဟာလန်းက ဆန္ဒမဲ ၁၄ ရာခိုင်နှုန်း၊ မာတက်ကာက ဆန္ဒမဲ ၁၂ ရာခိုင်နှုန်း၊ ဆာကာက ဆန္ဒမဲ ၁၁ ရာခိုင်နှုန်း၊ ရီးစီဂျိမ်းက ဆန္ဒမဲ ၁၀ ရာခိုင်နှုန်း၊ မူကီလီက ဆန္ဒမဲ ၇ ရာခိုင်နှုန်း၊ နက်တိုက ဆန္ဒမဲ ၃ ရာခိုင်နှုန်းနှင့် ကရူပီက ဆန္ဒမဲ ၁ ရာခိုင်နှုန်းသာရရှိခဲ့ကြသည်။

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲစဉ်အလိုက် အကောင်းဆုံးကစားသမားဆုကို စပါးအသင်းမှ သုံးဦး၊ လီဗာပူးအသင်းမှ နှစ်ဦး၊ မန်စီးတီး၊ ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့မှ တစ်ဦးစီရရှိထားကြောင်း သိရသည်။ *Ref; Goal.com*

# ရီးယဲလ်မက်ဒရစ်အသင်း၏ အိမ်ကွင်းဘာနေဗျူးကို ထပ်မံပြင်ဆင်တည်ဆောက်မည့်အစီအစဉ်ပယ်ချခံရ




မက်ဒရစ် အောက်တိုဘာ ၂၃

ရီးယဲလ်မက်ဒရစ်အသင်း၏ အိမ်ကွင်းဘာနေဗျူးကို ထပ်မံပြင်ဆင်တည်ဆောက်မည့် အစီအစဉ်ပယ်ချခံခဲ့ရကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဘာနေဗျူးကွင်း၏ အပြင်ဘက်တွင် အငြင်းပွားဖွယ်ဥမင်လိုဏ်ခေါင်း တည်ဆောက်ရန် စီစဉ်ထားသော်လည်း တရားရုံးက အဆိုပါအစီအစဉ်ကို လူထု၏ စိတ်ဝင်စားခြင်းမရှိမှုနှင့်အတူ ပယ်ချခဲ့ခြင်းဖြစ်သည်။

ယခင်က ရီးယဲလ်မက်ဒရစ်အသင်းသည် ဘာနေဗျူးကွင်းကို ၂၀၁၉ ခုနှစ်က ဖြိုဖျက်ခဲ့ကာ ပေါင် ၁ ဒသမ ၅ ဘီလီယံအကုန်အကျခံပြီး ပရိသတ်ဦးရေ ၈၃၀၀၀ ခန့်ဝင်ဆံ့သည့် ကွင်းသစ်အဖြစ် ၂၀၂၄ ခုနှစ်တွင် အပြီးသတ်ခဲ့သည်။

အဆိုပါဘာနေဗျူးကွင်းတွင် အဖွင့်အပိတ်လုပ်နိုင်သည့် ခေါင်မိုး၊ ၃၆၀ ဒီဂရီ LED Scoreboard Screeen တို့အပြင် ကွင်းမြက်ခင်းပြင်ကို အစားထိုးထားပြီး ဂီတပွဲတော်များပြုလုပ်နိုင်စေရန် ပြုလုပ်ထားသကဲ့သို့ ကွင်းတစ်ခုလုံးကိုလည်း အပေါ်စီးမှ မြင်နိုင်မည့် Sky Bar လည်း ပါဝင်ခဲ့သည်။

သို့သော် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ပရိသတ်များအတွက် ပိုမိုအဆင်ပြေစေရန် ပေါင် ၁၁ ဒသမ ၂ သန်း ထပ်မံအကုန်အကျခံပြီး ကားပါကင်နှင့် အားကစားကွင်းချိတ်ဆက်ထားသည့် ဥမင်လိုဏ်ခေါင်း တစ်ခုတို့ကိုလည်း တည်ဆောက်လိုနေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများသည် အဆိုပါအစီအစဉ်ကို မက်ဒရစ်စီးတီးကောင်စီသို့ တင်ပြခဲ့ပြီး ခွင့်ပြုချက်ရရှိခဲ့သော်လည်း မက်ဒရစ်တရားရုံးအနေဖြင့် ယင်းစီမံကိန်းကို မက်ဒရစ်မြို့နေလူထုက စိတ်ဝင်စားခြင်းမရှိမှုနှင့်အတူ ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ကာ ပယ်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ *Ref; Goal.com*

# အမေရိကန်နိုင်ငံ၌ ယှဉ်ပြိုင်ကစားမည့် ဗီလာရီးယဲလ်နှင့် ဘာစီလိုနာအသင်းတို့၏ပွဲစဉ်ကို ဖျက်သိမ်းခြင်းသည် ကြီးမားသည့်ဆုံးရှုံးမှုဖြစ်ကြောင်း လာလီဂါအကြီးအကဲပြောကြား

မက်ဒရစ် အောက်တိုဘာ ၂၃

လာလီဂါအကြီးအကဲဖြစ်သူ ဂျာဗီးယားတီဘက်စ်က အမေရိကန်နိုင်ငံ၌ ယှဉ်ပြိုင်ကစားမည့် ဗီလာရီးယဲလ်နှင့် ဘာစီလိုနာအသင်းတို့၏ပွဲစဉ်ကို ဖျက်သိမ်းခြင်းသည် ကြီးမားသည့်ဆုံးရှုံးမှုဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့် သြဂုတ်လက စပိန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဗီလာရီးယဲလ်နှင့် ဘာစီလိုနာအသင်းတို့၏ လာလီဂါပွဲစဉ်ကို ဒီဇင်ဘာလ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ အင်တာမိုင်ယာမီမြို့ရှိ Hard Rock Stadium ၌ ယှဉ်ပြိုင်ကစားရန် ခွင့်ပြုချက်ပေးခဲ့သည်။

သို့သော် ပြီးခဲ့သည့် စပိန်လာလီဂါပွဲစဉ်များတွင် အဆိုပါအစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် ကစားသမားများသည် ပြိုင်ပွဲအစ ၁၅ စက္ကန့်ကို လှုပ်ရှားမှုမပြုလုပ်ဘဲ ဆန့်ကျင်ခဲ့ကြခြင်းကြောင့် လာလီဂါဘောလုံးအဖွဲ့ချုပ်က ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

လာလီဂါအကြီးအကဲ ဂျာဗီးယားတီဘက်စ်က "စပိန်ဘောလုံးလောက အသာစီးရမယ့်အခွင့်အရေး၊ တစ်ကမ္ဘာလုံးက သိလာရမယ့် စီမံကိန်းနဲ့ အနာဂတ်မှာ ပိုကောင်းလာမယ့်အခွင့်အရေးကို ဆုံးရှုံးခဲ့ရပါတယ်။ ကျဉ်းမြောင်းတဲ့အမြင်နဲ့အစဉ်အလာကို ကာကွယ်မှုပြုလုပ်နေကြတယ်။ ဥရောပဘောလုံးလောကရဲ့ စစ်မှန်တဲ့အစဉ်အလာက အစိုးရအဖွဲ့အစည်းတွေရဲ့ ဆုံးဖြတ်ချက်တွေကြောင့် ပျက်စီးလာနေကြတယ်။ လာလီဂါကို ဘယ်လိုပဲဖျက်ဆီးမှုတွေ လုပ်ဆောင်လာပါစေ ခိုင်မာမှု၊ ယုံကြည်မှုတွေနဲ့ရှေ့ဆက်ပြီး ရေရှည်တည်တံ့အောင်လုပ်ဆောင်သွားမှာပါ။ စပိန်ဘောလုံးလောကမှာ အကြောက်တရားကင်းကင်း၊ ရည်မှန်းချက်ကြီးကြီးမားမားနဲ့ ရှေ့ဆက်သွားမှာဖြစ်ပြီး နိုင်ငံပြင်ပမှာ လိဂ်ပွဲစဉ်တွေ ကစားနိုင်ရေး ဆက်လက်လုပ်ဆောင်သွားဦးမှာပါ"ဟု ပြောကြားခဲ့သည်။

နိုင်ငံပြင်ပ၌ သွားရောက်ကစားမည့် အဆိုပါလာလီဂါဘောလုံးအဖွဲ့ချုပ်၏ဆုံးဖြတ်ချက်ကို အိုဗီဒိုနှင့် အက်စ်ပန်ညိုအသင်း၊ ဆီဗီလာနှင့် မာယော့ကာအသင်း၊ ဗီလာရီးယဲလ်နှင့် ဘက်တစ်အသင်း၊ ဘာစီလိုနာနှင့် အိုဆာဆူနာအသင်း၊ အက်သလက်တီကိုနှင့် ဂျီရိုနာအသင်း၊ အယ်ချီနှင့် ဘီလ်ဘာအိုအသင်း၊ လီဗန်တေးနှင့် ဆိုစီဒက်အသင်းတို့အပြင် ဂီတာဖေးနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ပွဲစဉ်များတွင် ပြိုင်ပွဲမစတင်မီ ကစားသမားများက ဆန့်ကျင်မှုများပြုလုပ်ကြပြီး ရီးယဲလ်မက်ဒရစ်အသင်းက ပြည်တွင်းလာလီဂါပွဲစဉ်ကို ပြည်ပ၌ ယှဉ်ပြိုင်ကစားမှုအား ထိပ်ဆုံးမှဆန့်ကျင်သည့်အသင်းဖြစ်ကြောင်း သိရသည်။ *Ref; Fotmob*

# MNL(U-21) Youth League 2025 ဘောလုံးပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်း ချန်ပီယံဆုဖလားဆွတ်ခူး



ရန်ကုန် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီမှ ကြီးမှူးကျင်းပသည့် MNL(U–21) Youth League 2025 ဘောလုံးပြိုင်ပွဲ အမှတ်ပေးပြိုင်ပွဲ၏ ရာသီပိတ်နောက်ဆုံးပွဲစဉ်အဖြစ် ဒဂုံစတားယူနိုက်တက် ယူ–၂၁ အသင်းနှင့် ISPE ယူ–၂၁ အသင်းတို့၏ယှဉ်ပြိုင်မှုကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏကွင်း၌ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးရယူသွားသည်။

ပထမပိုင်းပွဲကစားချိန်တွင် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ရင်း ပွဲကစားချိန် မိနစ် ၃၀ အရောက်တွင် စောအောင်မျိုးမင်းသိန်း ဖန်တီးပေးပို့မှုကနေ ဆုမင်းအောင်က ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

လက်ကျန်အချိန်များအား နှစ်ဖက်အသင်းကစားသမားများ ဆက်လက်ယှဉ်ပြိုင်ကြသော်လည်း ၁ ဂိုး ဂိုးမရှိဖြင့်ပင်ပထမပိုင်းပြီးဆုံးသွားသည်။

ဒုတိယပိုင်းပြန်အစတွင် ISPE အသင်းက ချေပဂိုးရရှိရေး လူစားလဲဝင်ရောက်မှုများဖြင့် တိုက်စစ်အရှိန်ပို၍မြှင့်လာသည်။ ဒဂုံစတားအသင်းကလည်း တိုက်စစ်အားမလျှော့ဘဲ နိုင်ပွဲအတွက် သေချာသောဦးဆောင်ဂိုးများထပ်မံရရှိရန် တွန်းတွန်းတိုက်တိုက် ကစားသည်ကို တွေ့ရသည်။ ပွဲကစားချိန် ၇၇ မိနစ်အရောက်တွင် ဒဂုံစတားအသင်း၏ဂိုးရီယာအစပ်ကနေ ISPE အသင်းပြစ်ဒဏ်ဘောကန်ခွင့်ရခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။

ဆုဖလားနှင့် လက်တစ်ကမ်းအလိုဖြစ်၍ နှစ်ဖက်အသင်းကစားသမားများ နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အထိ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ပထမပိုင်းရရှိသည့်ဂိုးဖြင့်ပင် ဒဂုံစတားအသင်းက ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး MNL(U–21) Youth League 2025 ဘောလုံးပြိုင်ပွဲ အမှတ်ပေးပြိုင်ပွဲ၏ ချန်ပီယံဆုဖလားကြီးကို သိမ်းပိုက်သွားခဲ့သည်။ **ဝန်းရံခ**

## လေဖိအားနည်းရပ်ဝန်း အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်း

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်း ပူဒူချယ်ရီမြို့နှင့်အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေတို့ကိုဖြတ်ကျော်ခဲ့သောအားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်းကုန်းတွင်းပိုင်းဒေသများတွင်လေဖိအားနည်းရပ်ဝန်း(Low Pressure Area)အဖြစ်သို့အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်နှင့် ရေယာဉ်ဖမ်းဆီးရမိ








မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။






အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၆ ရက်**တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၂၁၆)တန်၊ အခြားသစ် (၁ ဒသမ ၃၅၆)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၆၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၈ ရက်နှင့် ၂၀ ရက်**တို့တွင် မြစ်သားမြို့နယ်၊ သာစည်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၂ ရက်**တွင် မုတ္တမဆိပ်ကမ်း(ရွှေပြည်သာ)၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၀၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၅၅)မျိုး၊ စားသောက်ကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၅၁၈၇၁၂၂)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် MV. Musk ရေယာဉ် (၁)စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၄၀၀၆၅၂၂) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၉၉၁၉၃၆၄၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လုစ်ထားရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၁ ရက်**တွင် ဝေါမြို့ ရှောင်ကွင်းလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၀၀၀၀၀)ကိုလည်းကောင်း၊ ထားဝယ်မြို့နယ်၊ ပုံကျွန်းရပ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**အောက်တိုဘာလ ၁၆ ရက်၊ ၁၈ ရက်၊ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၂၀၇၈၉၂၀၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ



ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄




MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com




OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျင်းပသော နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ငွေကျပ် ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ သိန်းကျော်နှင့် ဘိန်းဖြူ ၂၉ ကီလိုကျော် ဖမ်းဆီးရမိ




တရားခံ ငြိမ်းချမ်းမောင်(ခ)ကုလားလေးနှင့် ထူးအောင်ကျော်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၁၄ ရက်နေ့ ညနေ ၅ နာရီခွဲအချိန် သတင်းအရ ကလေးမြို့နယ်၊ ကျီကုန်းကျေးရွာအနီးတွင် ငြိမ်းချမ်းမောင်(ခ)ကုလားလေးမောင်းနှင်လာသော FORLAND အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ဒသမ ၂ သိန်းအား ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက် ၁၁ နာရီခွဲအချိန် ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင်

စာမျက်နှာ ၃၀ ကော်လံ ၁ ■

## ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၂၃

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပမည့် ၂၀၂၅ ခုနှစ် (၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပမှုအား အောက်တိုဘာလ ၂၄ ရက် **(ယနေ့)** ညနေ ၃ နာရီ ၂၅ မိနစ်မှစ၍ MWD HD Channel၊ MWD Variety Channel၊ MWD Education, Knowledge & Sports Channel၊ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

မြဝတီ

## Online လောင်းကစားလုပ်ကိုင်နေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သော ဝိသမလောဘသားစီးပွားရေးလုပ်ငန်းရှင်များသည် Online အခြေပြု လောင်းကစား Website များ တည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ပေါ်ပေါ်ထင်ထင် ကြော်ငြာမှုများပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့ အလယ်ပိုင်းတို့၌ အောက်တိုဘာလ ၂၄ ရက်**(ယနေ့)**တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်နှင့် ရေယာဉ်ဖမ်းဆီးရမိ

စာ - ၂၉ သို့




MV-Musk ရေယာဉ်

ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

